Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွား သတင်း
e-Paper-0012
၂၀၂၄ ခုနှစ် ဇွန် ၁၅ ရက်





# တရုတ် အကောက်အခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သို့ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးခြင်းဆိုင်ရာ အသိပညာဆွေးနွေး

နေပြည်တော်၊ ဇွန် ၁၁

တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ – GACC သို့ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များ နှင့် စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးအစီအစဉ်ကို ဇွန် ၁၀ ရက်နေ့နံနက်ပိုင်း က မန္တလေးမြို့ ၃၄လမ်းနှင့် ၇၈လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ညီနောင်အသင်းအဖွဲ့များ နှင့် ကုမ္ပဏီများမှ ကိုယ်စား လှယ်များ ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ် ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ် ပထမပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ၌ မြန်မာတရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး အထောက်အပံ့ပေးရန် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ စီမံကိန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက "မြန်မာ့ လယ်ယာထွက်ကုန်များ တန်ဖိုး ကွင်းဆက် ထောက်ပံ့ရေး လန်ချန်း-မဲခေါင် နိုင်ငံများနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး မြှင့်တင်ခြင်းစီမံကိန်း" ကို ထည့်သွင်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်း၏ ရည်ရွယ်ချက်နှင့်အညီ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး အထောက်အကူပြုနိုင်ရန်အတွက် တရုတ်နိုင်ငံ၊ အကောက်ခွန် အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ – GACC သို့ မှတ်ပုံတင်ရေး လုပ်ငန်းစဉ်များကို အသိပညာပေးနိုင်ရန် ယနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း၊

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ တင်ပို့လျက်ရှိသောပုဂ္ဂလိကကုမ္ပဏီ လုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့- GACC ၏ လမ်းညွှန်ချက်နှင့်အညီ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ GACC သို့ မှတ်ပုံတင်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စာရွက်စာတမ်းဖြင့်ဖြစ်စေ အွန်လိုင်းစနစ်ဖြင့်ဖြစ်စေ လျှောက်ထားရာတွင် အချက်အလက်များ မှန်ကန်စွာ ဖြည့်သွင်း ဆောင်ရွက်ရန်နှင့် စစ်ဆေးရေးဆောင်ရွက်ရာတွင် လျှောက်ထားသည့် ကုမ္ပဏီများအနေဖြင့် ကြိုတင် ပြင်ဆင်ရမည့် အချက်အလက်များ သိရှိနားလည်စေရန် ဆောင်ရွက်ခြင်းလည်း ဖြစ်ကြောင်း၊

မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တို့ အကြား အပင်

စာ-၂ သို့

ပြည်ပဈေးကွက်ဝင် ကျောက်ပုစွန်.... စာ-၈

အခြားနည်းသုံးစွဲခွင့်ရလျှင် မြေပိုင်ရှင်ဖြစ်ပြီလား စာ-၁၆

# ခေတ်မီနည်းပညာများ အသုံးပြု၍ ငါးပုစွန်မွေးမြူရေး လုပ်ငန်းများဖွံ့ဖြိုးလာရေးကြိုးပမ်း





နေပြည်တော်၊ ဇွန် ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ဇွန် ၈ ရက်နေ့ နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကွန်းစုမြို့နယ် ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ မြိတ်ဒေသတွင်း ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိကြသည့် ကုမ္ပဏီ တာဝန်ရှိ သူများ နှင့် တွေ့ဆုံ၍ ခေတ်မီရေငန်ပုစွန်မွေးမြူထုတ်လုပ်ခြင်း၊ နိုင်ငံခြားဝင်ငွေ အများဆုံး ရရှိနိုင်မည့် ပနားမီးပုစွန် စတင်မွေးမြူရန် ဆောင်ရွက်ထားမှု၊ ငါး ပုစွန် ကင်းမွန် စသော ရေသတ္တဝါများ ရှားပါးလာမှုနှင့် မျိုးတုန်းပျောက်ကွယ်မှု တားဆီးကာကွယ်နိုင်ရေး ဆိုင်ရာ ကိစ္စရပ်များ ၊ ငါးသယံဇာတ အရင်းအမြစ်များ၏ ကျက်စားရာနေရာများအား ထိန်းသိမ်း စောင့်ရှောက်နိုင်ရေး ၊ ဒေသခံများ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန် ငါးမွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်လိုအပ် ချက်များကို ဆွေးနွေး ခဲ့ကြပြီး ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ၏ ပုစွန်ကန်များနှင့် ပုစွန်မွေးမြူထုတ်လုပ်မှု လုပ်ငန်းများကိုကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မြိတ်ခရိုင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင် နှင့် လိုက်လျောညီထွေသည့် စိုက်ပျိုး မွေးမြူရေးစနစ်ဖွံ့ဖြိုးလာစေရေး၊ ဒေသ၏ ထူးခြားသော ဝိသေသလက္ခဏာများ ပါဝင်သည့် လယ်ယာစီးပွား အခြေခံသော စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာရေးနှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးလာစေရေး တောင်သူများ၏ စိုက်ပျိုး ထုတ် လုပ်မှု တိုးတက်စေရေး အတွက် မျိုး၊မြေ၊ ရေ၊နည်း ဘက်စုံကူညီပံ့ပိုးပေးရန် ကိစ္စရပ်များ၊ ကမ်းနီးကမ်းဝေး ငါးဖမ်း လုပ်ငန်းများကို တည်ဆဲဥပဒေများ၊ သတ်မှတ်ထားသော စည်းမျဉ်း စ ည်း က မ်း များ နှ င့် အ ညီ ထိ န်း ကျောင်း ကြပ်မတ်ရန် လိုအပ် ချက်များကို ဆွေးနွေးမှာကြားသည်။

ဇွန် ၉ ရက်နေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ၊ အဏုစိပ်သရုပ်ခွဲခြင်းဆိုင်ရာ ဓာတ်ခွဲခန်းများဌာနစိတ် ရေထွက်ပစ္စည်း အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်း(မြိတ်)အား ကြည့်ရှုစစ်ဆေးရာ ဓါတ်ခွဲခန်းတာဝန်ခံက ငါးပုစွန်ပြုပြင် ထုတ်လုပ်သည့်စက် ရုံများအား သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီဆောင်ရွက်ရေးအတွက် လစဉ်ပုံမှန် စစ်ဆေး၍ စစ်ဆေး တွေ့ရှိချက် မှတ်တမ်းများ ထုတ်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး က ရေသယံဇာတထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာမှလက်ခံနိုင်သော စံချိန်စံညွှန်းများအတိုင်း အန္တရာယ်ကင်းသည့် ရေထွက် ထုတ်ကုန်အရည်အသွေး ကောင်းမွန်၍ ဘေးကင်း သန့်စင်ရေးစီမံခန့်ခွဲမှု စနစ်အားကျင့်သုံး၍ စနစ်တကျ စိစစ်ကြပ်မတ်ရန် လိုအပ်ချက်များကို ဆွေး နွေး မှာ ကြား ခဲ့ ကြော င်း သတင်းရရှိ သည်။

MOALI

---

မျက်နှာဖုံးမှ-

ပိုးမွှား ရောဂါ ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်သဘောတူစာချုပ် (SPS Protocol) များ လက်မှတ်ရေးထိုးထားရှိမှုမှာ သီးနှံအနေဖြင့် ဆန်၊ ပိုးအိမ်ခြောက်၊ ပြောင်း နှင့် ငှက်ပျောစသည့် Protocol ၄ ခု ၊ မွေးမြူရေးနှင့် သဘာဝမှဖမ်းဆီးရရှိသည့် ရေထွက်ပစ္စည်းတင်ပို့ခြင်းနှင့်သက်ဆိုင် သော Protocol ၂ ခု နှင့် ကျွဲနွားအရှင်တင်ပို့ရေးနှင့် သက်ဆိုင်သည့် Protocol ၁ ခု၊ စုစုပေါင်း ၇ ခု ဖြစ်ပြီး ဆက်လက်၍ ပို့ကုန်အလားအလာရှိသော SPS Protocol များ လက်မှတ်ရေးထိုးနိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး၊ မန္တလေးတိုင်း ဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ နှင့် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အသိပညာပေးအစီအစဉ် ဖွင့်လှစ်ပို့ချရခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အစီအစဉ် ဒုတိယပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ - GACC သို့ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေး ထွက်ကုန်များ စစ်ဆေးခြင်းဆိုင်ရာများကို အသိပညာပေးဆွေးနွေးခဲ့ကြသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံ၏ လယ်ယာထွက်ပစ္စည်း တင်ပို့မှု စုစုပေါင်း ၃၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး အရေးကြီးသည့် ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်နှင့်အညီ ကုန်သွယ်မှုဆိုင်ရာ လိုအပ်ချက်များကို ကုမ္ပဏီများ လိုက်နာ ဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ယခုဖွင့်လှစ်ပို့ချသည့် "အသိပညာပေးအစီအစဉ်" သည် ပုဂ္ဂလိက လုပ်ငန်းရှင်များအတွက် များစွာအထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း သိရ သည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် စိုက်ပျိုးရေးဦးစီးဌာန ၊ စိုက်ပျိုးရေး ထွက်ကုန်များ အရည်အသွေး စစ်ဆေး ရေး ဓာတ်ခွဲခန်း (မန္တလေး) တွင် ဓာတ်ခွဲခန်းပညာရှင်များ အား တွေ့ဆုံ၍ ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ဓာတ်ခွဲခန်းပညာရပ် အသစ်များ စဉ်ဆက်မပြတ် ဆည်းပူးလေ့လာသွားကြရန်နှင့် ပညာရှင်အချင်းချင်း နည်းပညာ မျှဝေဖလှယ်သော အလေ့အကျင့်ကောင်းများဖြင့် စွမ်းဆောင်ရည်မြင့်မားသော မျိုးဆက်သစ်ဓါတ်ခွဲခန်းပညာရှင်များမွေးမြူပျိုးထောင်ပေးရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီး၊ ခရိုင် နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ နိုင်ငံစီးပွားမြင့်တင်ရေးရန်ပုံငွေစီမံကိန်းနှင့် ပြည်တွင်း စားသုံးဆီဖူလုံရေး စီမံကိန်းများအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်ရရှိရေးကျရာကဏ္ဍကပညာရှင်ဆန်သော စွမ်းဆောင်မှုထုတ်ဖော်ပြသနိုင်ရေးနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ကျင့်ဝတ်သိက္ခာ နှင့်အညီ ဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ခရိုင်နှင့်မြို့နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ် ၄ ခုမှ ဒေသခံ တောင်သူများအား တွေ့ဆုံ၍ သီးနှံအလိုက် စိုက်ပျိုးထွက်ရှိမှု အတွေ့အကြုံများ၊ သီးနှံများအထွက်နှုန်းကျဆင်းနေမှုအပေါ် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီ ပေးရမည့် လုပ်ငန်းကိစ္စရပ်များ၊ လာမည့် စိုက်ပျိုးရာသီတွင် အထွက်နှုန်းတိုးမြင့်ရရှိစေရေး ပြုပြင်ဆောင်ရွက်ရမည့်အချက်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

MOALI

# ဇွန်လ ဒုတိယ ၁၀ ရက်ပတ် မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရွာသွန်း မြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်း ဒေသကြီး(အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၅ ပေမှ ၉ ပေခန့် လက်ရှိရေမှတ်များ အထက် မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၃ ပေမှ ၅ ပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့၊ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၆ ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ၇ ပေမှ ၁၀ ပေခန့်နှင့် ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၃ ပေမှ ၅ ပေခန့် လက်ရှိ ရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၅ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၂ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင်တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင်တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး သောင်ရင်းမြစ်ရေ သည် မြဝတီမြို့တွင် ၅ ပေခန့်နှင့် ငဝန်မြစ်ရေသည်ငါးသိုင်းချောင်းမြို့တွင် ၅ ပေခန့်နှင့် သာပေါင်းမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

■

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm ပြည်တွင်းသတင်း

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဦးအောင်ဖုံထွေး(မြ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂




## မျိုးစေ့ချကိရိယာများနှင့် မျိုးစပါးများပေးအပ်ခြင်း အခမ်းအနား ကျင်းပ

မြောင်းမြ ဇွန် ၁

**မြောင်း**မြခရိုင်၊ဝါးခယ်မမြို့နယ်တွင် မေ ၃၁ ရက်နေ့က ကျင်းပသည့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ အစည်းအဝေး၌ စက်မှုလယ်ယာဦးစီးဌာနက လယ်ယာသုံးစက်ကိရိယာများ တိကျမှန်ကန်စေရေး စစ်တမ်းများ ကောက်ယူမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြခဲ့ပြီး မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူးက မျိုးစေ့ချကိရိယာများနှင့် မိုးစပါးအတွက် မော်ဘီ ၃. မျိုးစပါးများအား တောင်သူများသို့ ပေးအပ်ခြင်း အခမ်းအနားကျင်းပခဲ့ကြောင်း သတင်း ရရှိသည်။

AMD



# မီဒီယာအားဖြင့် အသိပညာမျှဝေခြင်း ခေါင်းစဉ်ဖြင့် ၃၇ ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ

နေပြည်တော်၊ ဇွန်၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီး ဌာနတွင် စနေနေ့တိုင်း ကျင်းပလျက်ရှိသည့် တောင်သူနည်းပညာဆွေးနွေးပွဲ ကို ဇွန် ၈ နံနက်ပိုင်းက ၃၇ ကြိမ်မြောက်ကျင်းပရာ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်း နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်မှ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဝန်ထမ်းများ၊ ဇေယျာသီရိ မြို့နယ် မွန်းတည့်ခွင် ကျေးရွာမှ တောင်သူများတက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်နယ်များမှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြကာ "မီဒီယာအားဖြင့် အသိပညာမျှဝေခြင်း"ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခ ဌာနမှူး ဒေါက်တာ ရာဇာဟိန်းနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ လက်ထောက်သုတေသနအရာရှိ ဒေါ်နှင်းနှင်းလှိုင် တို့က မီဒီယာအင်အားဖြင့် အသိပညာမျှဝေခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အတွေ့အကြုံများကို တင်ပြ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က သတင်းစာ၊ စာစောင်၊ တီဗွီ၊ ရေဒီယို၊ဖေ့စ်ဘွတ်ခ်၊ ဗိုက်ဗာ၊ တယ်လီဂရမ်၊ ယူကျူ့ အစရှိသော လူမှုကွန်ရက်အသီးသီးကိုသုံးစွဲ၍ သတင်းအချက်အလက်များ ရယူကာ မှန်ကန်သော သတင်းများကို ရယူအသုံးပြုရန်လိုကြောင်း၊ တောင်သူကြီးများအနေဖြင့် သတင်းအရင်းအမြစ်ကို သိရှိရန် များစွာ အရေးကြီးကြောင်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၏ တောင်သူလယ်သမားရပ်သံကဏ္ဍမှ နည်းပညာပေးဗီဒီယိုများ ရိုက်ကူးလျက် တယ်လီဂရမ်၊ ဖေ့စ်ဘွတ်တို့မှ တင်ပေးထားသည်ကို သိရှိရန် လိုအပ်ပါကြောင်း၊ တောင်သူဦးကြီးများ မှန်ကန်တိကျသောသတင်းအချက်အလက်များကို လျင်မြန်စွာရရှိစေရန်အတွက် အရေးကြီးကြောင်း၊ ကျေးရွာတိုင်းတွင် တောင်သူများမီဒီယာ အသိပညာရရှိစေရန် မိုလ်ဘိုင်းဖုန်း မှန်ကန်စွာသုံးစွဲနည်း သင်တန်းဖွင့်လှစ်နိုင်ရန်အတွက် တာဝန်ရှိသူများက စီစဉ်ပေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေး ဝန်ထမ်းများနှင့် တောင်သူများ မီဒီယာကိုအသုံးပြု၍ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးတွင် ကြုံတွေ့ရသည့် အခက်အခဲများကို တောင်သူများပူးပေါင်း ပါဝင်သော မီဒီယာအင်အားဖြင့် အတူတကွဖြေရှင်းနိုင်ရေး ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ရိုက်ကူးထားသော နှမ်း၊ မြေပဲ၊ ပဲပုတ် ပေါင်(ဘောင်)ကြီးတင်နည်းပညာပေး ဗီဒီယိုကိုပြသပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ဒုတိယဝန်ကြီးနှင့် ပညာရှင်များက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

MOALI

# အစားအစာဘေးကင်းလုံခြုံရေးလုပ်ငန်းစဉ်များတိုးမြှင့်ခြင်းဖြင့် သစ်သီးဝလံတင်ပို့မှုတိုးတက်ရန် ဗီယက်နမ်မျှော်မှန်း

သစ်သီးဝလံတင်ပို့မှုကို မြှင့်တင်နိုင်ရန် ပိုးမွှားရောဂါကင်းစင်ရေးလိုအပ်ချက်များနှင့် အစားအစာဘေးကင်းလုံခြုံရေး လုပ်ငန်းစဉ်များကို မဖြစ်မနေဆောင်ရွက်ရန်လိုကြောင်း ဗီယက်နမ်ကျွမ်းကျင်သူများက ဆိုသည်။ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အမေရိကန်၊ အီးယူ စသည့် နိုင်ငံတကာဈေးကွက်များတွင် ဒူးရင်း၊ လောင်ဂန်၊ လိုင်ချီး၊ သရက်၊ နဂါးမောက်၊ အုန်း၊ ငှက်ပျော၊ နာနတ် စသည့် လတ်ဆတ်သစ်သီးများ အပေါ် ကြိုက်နှစ်သက်မှု ရလျက်ရှိကြောင်း၊ ယင်းဈေးကွက်များ၏ ဝယ်လိုအားသည် အသိအမှတ်ပြုဇရီယာများ၊ မထုပ်ပိုးမီ အတည်ပြုထားသည့် စက်ပစ္စည်းကိရိယာများဖြင့် ပြုပြင်လုပ်ဆောင်မှုများအပေါ် အလေးထားကြောင်း၊ တရုတ်နိုင်ငံသည် လက်ရှိထင်ရှားသည့် ဥပမာဖြစ်ကြောင်း ဆိုသည်။

ပြည်ပတင်ပို့သူများသည် အကောက် အခွန်အထွေထွေစီမံရေး အဖွဲ့၏ ဒီကရီ အမှတ် ၂၄၈ နှင့် ၂၄၉ တို့နှင့် ညီညွတ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ၂၀၂၂ ဇန်နဝါရီက ထုတ်ပြန်ခဲ့သည့် ယင်းဒီကရီများတွင်တင်သွင်းသည့် ပြည်ပအစားအစာထုတ်လုပ်သူများကို မှတ်ပုံတင်ခြင်း၊ တင်သွင်း/တင်ပို့သည့် အစားအစာများ၏ ဘေးကင်းလုံခြုံမှုဆောင် ရွက်ခြင်းတို့ ပါဝင်ကြောင်း ဗီယက်နမ် အပင်ပိုးမွှားရောဂါကင်းစင်မှု ထုတ်ပြန်ရေးအာဏာပိုင်အဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူး Ngo Xuan Nam က ပြောကြားသည်။ အထူးသဖြင့် အီးယူသည် ဘေးကင်းလုံခြုံမှုအတွက် ထုတ်ကုန်ခြေရာခံခြင်းနှင့် ထုတ်ကုန်အရည်အသွေးစံနှုန်းတို့အပေါ် အလေးထားကြောင်း၊ လတ်ဆတ်သော/အေးခဲထားသော သစ်သီးများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှု အမြင့်ဆုံးပမာဏကို ပုံမှန် ထုတ်ပြန်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

စာ-၅ သို့



# ရေဆင်းဒေသတွင် စပ်မျိုးပြောင်းသီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိစေနိုင်မည့် နည်းလမ်း ပူးပေါင်းရှာဖွေ

နေပြည်တော်၊ ဇွန် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇွန်လ(၉)ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ အခြားနှံစားသီးနှံ သုတေသနဌာနစု စိုက်ကွင်း၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ စပ်မျိုးပြောင်း သီးနှံအား တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရန် ရည်ရွယ်၍ မြေပြုပြင်သည် မှ ရိတ်သိမ်းသည် အထိ (Fully Mechanized) ဖြင့် စိုက်ပျိုးခြင်းအား ကြည့်ရှုအားပေးသည်။

လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးက မြေပြုပြင်ခြင်းလုပ်ငန်းတွင် လေးသွားထယ်ထိုးခြင်းတစ်စပ်၊ ခုနှစ်သွားထယ်ထိုးခြင်းတစ်စပ်၊ Rotavator မောင်းခြင်း နှစ်စပ် ၊ မြေခံမြေဩဇာ ထည့်သွင်းခြင်းနှင့် သရုပ်ပြစိုက်ပျိုးခြင်း (Pneumatic Precision Seeder ဖြင့် စိုက်ပျိုးခြင်း) လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။



ရာသီအလိုက် သီးနှံများစိုက်ပျိုးရာတွင် သီးနှံ တစ်မျိုးချင်းအလိုက် ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိအောင်စိုက်ပျိုးခြင်းကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးကုန်ထုတ်စွမ်းအား မြင့်မားလာခြင်းနှင့်အတူ တောင်သူလယ်သမားတို့၏လူမှုဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ရေဆင်း ဒေသတွင် စပ်မျိုးပြောင်းသီးနှံအား အထွက်နှုန်းပိုမိုရရှိစေနိုင်မည့် နည်းလမ်းများကို အပြည့်အဝအသုံးချပြီး တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိရန် သုတေသနပြုဆောင်ရွက်ပြီး ရလဒ်ကောင်းများကို အခြေခံကာ အခြေအနေပေးသည့် ဒေသများတွက် ပြောင်းသီးနှံ အထွက်တိုးရေး အထောက်အကူပြုစေနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီး သည် ရေဆင်းရေလှောင်တမံ ရှင်းလင်းဆောင်တွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်းရေရရှိရေးနည်းလမ်းအလိုက် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါး၊ ဆောင်းသီးနှံနှင့် နွေစပါး နွေသီးနှံ စိုက်ပျိုးပြီးစီးမှု၊ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါး စိုက်ပျိုးရေပေးဝေမည့် အခြေအနေများကို ဆွေးနွေးပြီး ပြောင်းလဲလာသော ရာသီဥတုဖြစ်စဉ်များကြောင့် စိုက်ပျိုးရေပြတ်လပ်မှုမရှိစေရေးနှင့် ရရှိနိုင်မှုသော ရေအရင်းအမြစ်အသစ်များ စူးစမ်းရှာဖွေ ဖော်ထုတ်နိုင်ရေး၊ မိုးကာလ မိုးရွာသွန်းမှုလျော့နည်းသော နေရာများအား အဓိကထား၍ စိုက်ပျိုးရေပေးဝေနိုင်ရေး၊ တစ်နှစ် (၃)သီး စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေအလေအလွင့်မရှိပေးဝေနိုင်ရေး ရေလိုအပ်ချက်အလိုက် တိကျစွာ ရေပေးဝေနိုင်ရေးနှင့် သီးထွက် စွမ်းအားတိုးတက်စေရေး အတွက် တစ်ကွင်း တစ်စပ်တည်းတွင် စိုက်ပျိုးသည့် သီးနှံ၊ စိုက်ပျိုးချိန် တူညီစေရန် တောင်သူများ၊ ဆက်စပ်ဌာနများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထိုမှတဆင့် ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ် သစ်တပ်အုပ်စု ကြို့ပင် ရေမြှင့်ရေထိန်း အဆောက်အအုံအနီး နွေနှမ်းစိုက်ပျိုးလျက်ရှိသော ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး ၊ စပါးသီးနှံအား ကြပက်စနစ်အစား ပျိုးစိုက် Seeder များ ဖြင့်စိုက်ပျိုးနိုင်ရေး ၊ နှမ်းသီးနှံစိုက်ပျိုးရာတွင် ရေသွင်း ရေထုတ် လွယ်ကူ၍ ရာသီဥတုဒဏ်ခံနိုင်စေရန် မြေအမျိုးအစား သင့်တော်ပြီး ရေရရှိရန် လွယ်ကူသည့်ဧရိယာများတွင်ပေါင် (ဘောင်) ကြီးတင်စနစ်ဖြင့်စိုက်ပျိုးနိုင်ရေး ဆွေးနွေးပြီး ဒေသခံတောင်သူများ စိုက်ပျိုးထားသော နွေနှမ်း စိုက်ခင်းများအားကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

MOALI

စာ-၄ မှ

ဗီယက်နမ်၏ ပို့ကုန်သစ်သီးတစ်ခုဖြစ်သည့် ဟော့ဒ္ဒန်ပြည်နယ်မှ သန်းဟာ(Thanh Ha)လိုင်ချီးသည် တရုတ် ဂျပန်၊ ပြင်သစ်၊ အမေရိကန်၊ တောင်ကိုရီးယား၊ မလေးရှားတို့၏ ထိပ်တန်းဈေးကွက်ကို ထိုးဖောက်လျက်ရှိပြီး ဩစတေးလျတွင် ဗီယက်နမ်လိုင်ချီးများ ဈေးကောင်းရလျက်ရှိသည်။

ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန သည် ဗီယက်နမ်၏ စိုက်ပျိုးရေးထွက်ကုန်များ ကျော်ကြားမှုအတွက် အရေးပါသည့် စိုက်ပျိုးသည့်နေရာ သတ်မှတ်ခြင်း၊ ဈေးကွက်တောင်းဆိုချက်နှင့် ကိုက်ညီသည့် ထုပ်ပိုးမှု facilities Code များ သတ်မှတ်ခြင်း စသည့် အရေးကြီးမှုများအပေါ် အလေးထားလျက်ရှိသည်။ လက်ရှိတွင် တရုတ်၊ အမေရိကန်၊ ဩစတေးလျ၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ ဂျပန်၊ အီးယူဈေးကွက်များအတွက် ဒေသ ၅၆ ခုအတွက် ထုတ်ကုန်ဆိုင်ရာ Code များ ရရှိပြီးဖြစ်သည်ဟု သိရသည်။

TTP

FreshPlaza.com

စာ-၁၆ မှ

ရခဲ့ပြီဆိုရင် လုပ်ငန်းဆောင်ရွက်ဘို့ သက်ဆိုင်ရာကို ခွင့်ပြုမိန့် တင်ပြနေသလို မြေအမည်ပေါက် ပိုင်ဆိုင်ဘို့ တနည်းမြေငှားဂရန်ရရှိဘို့ သက်ဆိုင်ရာ ဌာနများမှာ မပျက်မကွက် လျှောက်ထားရမှာဖြစ် ပါတယ်။ ဒီလိုနဲ့ မြေငှားဂရမ် ရသွားပြီဆိုရင်တော့ မြေကိုအမည်ပေါက် ပိုင်ဆိုင်သွားပြီလို ဆိုရမှာဖြစ်ပါတယ်။ ယခင် လန/၃၉ ခေတ်က ညွှန်ကြားချက်အရလည်း ဖော်ပြထားသည်မှာ ဆန်စက်တည်ရန် “Industral Lease” စက်မှုလက်မှုဂရံထုတ်ပေးသောအခါ စက်မှုလက်မှု ဂရံမြေအဖြစ် ပြောင်းလဲသွားပါသည် ဟု ဖော်ပြထားပါတယ်။ အဆိုပါ မြေငှားဂရံတွင် အမည်ပါရှိသူသာ အမည်ပေါက် ပိုင်ဆိုင်မှု စတင်မည်ဖြစ်ပါတယ်။

ဒါကြောင့် နိဂုံးချုပ်အားဖြင့် တင်ပြရရင် အခြားနည်းသုံးစွဲခွင့်ရရုံလေးနဲ့ မြေပိုင်ရှင်ဖြစ်ပါပြီလို့ ပြောလို့ လုံးဝမရနိုင်ပါကြောင်းနဲ့ သက်ဆိုင်ရာဌာနက ထုတ်ပေးမဲ့ မြေငှားဂရံမှာ အမည်ပါရှိပြီးမှ သာ မြေပိုင်ရှင် စစ်စစ်အဖြစ် မှတ်ယူရနိုင်မှာဖြစ်ကြောင်း အသိပေးလိုက်ရပါတယ်။

ကိုကိုဦး

# အိန္ဒိယ၏ ပြောင်းတင်ပို့မှု ၂၀၂၃-၂၀၂၄ တွင် အနိမ့်ဆုံးသို့ရောက်ရှိ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ပြောင်းတင်ပို့မှုသည် ပြီးခဲ့သည့် လေးနှစ်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိပြီး၊ ၅၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ အကြောင်းမှာ ပြည်တွင်း ပြောင်းဈေးနှုန်းများမြင့်တက်လာခြင်း၊ ပြောင်းစိုက်ပျိုးမှုကျဆင်းမှုတို့နှင့်အတူ အီသနောထုတ်လုပ်မှု၊ ကြက်မွေးမြူရေးနှင့် ကော်မှုန့်လုပ်ငန်းများမှ ဝယ်လိုအားမြင့်တက်လာမှုတို့ကြောင့်ဖြစ်ကြောင်း The Hindu businessline သတင်းဌာန ယခုလ ၃၀ ရက်နေ့က ဖော်ပြသည်။

အိန္ဒိယပြောင်း၏ အဓိကဝယ်လက်များဖြစ်သော ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်နိုင်ငံတို့က အခြားဈေးသက်သာသည့် နိုင်ငံများမှ ပြောင်းကို ပိုမိုဝယ်ယူလာကြသည့်အတွက် ပြောင်းတင်ပို့မှု ကျဆင်းလာခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ပြောင်းတန်ချိန် ၃၄ ဒသမ ၅၃ သိန်း တင်ပို့ ရောင်းချခဲ့ရပြီး၊ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၄ ဒသမ ၄၂ သိန်းသာ တင်ပို့ရောင်းချခဲ့ရ ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

တန်ဖိုးအားဖြင့် ယခင်ဘဏ္ဍာနှစ်က ကန်ဒေါ်လာ ၁၁၁၆ သန်း (ရူပီး ၈၉၈၇၀ သန်း) တင်ပို့ ရောင်းချခဲ့ရာမှ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၄၄၃ သန်း (ရူပီး ၃၆၆၀၀ သန်း) သာ တင်ပို့ ရောင်းချခဲ့သည့်အတွက် ၆၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် အကြီးဆုံးဝယ်လက်ဖြစ်ပြီး ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယပြောင်း တန်ချိန် ၆ ဒသမ ၈၈ သိန်း ဝယ်ယူခဲ့ကြောင်း၊ သို့သော် ယခင်ဘဏ္ဍာနှစ်က ဝယ်ယူသည့် ပမာဏ တန်ချိန် ၈ ဒသမ ၉၁ သိန်းထက် ၂၃ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရသည်။

နီပေါနိုင်ငံသည် အိန္ဒိယပြောင်းကို ဝယ်ယူသည့် ဒုတိယအကြီးဆုံး ဝယ်လက်ဖြစ်ကာ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၇၈ သိန်း ဝယ်ယူခဲ့သည်။ ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၃ ဒသမ ၉၁ သိန်း ဝယ်ယူခဲ့ သည့်အတွက် ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းက အိန္ဒိယပြောင်းကို အများဆုံးဝယ်ယူခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာ့ဈေးနှင့်နှိုင်းယှဉ်လျှင် အိန္ဒိယ ပြောင်းဈေးမှာ မြင့်မားလျက်ရှိသည့်အတွက် ဝယ် ယူမှု သိသိသာသာကျဆင်းခဲ့ကြောင်း သိရသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြောင်းတင်ပို့မှု တန်ချိန် ၂ ဒသမ ၀၈ သိန်းသာရှိခဲ့ပြီး၊ လွန်ခဲ့သောနှစ်က တန်ချိန် ၁၇ ဒသမ ၀၉ သိန်းတင်ပို့ခဲ့သည့်အတွက် ၈၈ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယပြောင်းသည်ပြည်တွင်းဈေးနှုန်းများမြင့်တက်လာမှုကြောင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ် ပြိုင်နိုင်မှုမရှိတော့သည့်အတွက် ယခုကဲ့သို့ ပြည်ပတင်ပို့မှု ကျဆင်းလာခြင်းဖြစ်ကြောင်း ကုန်သွယ်ရေးအရင်းအမြစ်များက ပြောကြားခဲ့သည်။ ထို့အပြင် ကြက်မွေးမြူရေး၊ ကော်မှုန့်နှင့် အီသနော ရောစပ်သည့်လုပ်ငန်းများမှ ဝယ်လိုအားမြင့်တက်လာသည့်အတွက် ပြည်တွင်း ပြောင်းဈေးနှုန်းများကို မြင့်တက်လာစေကြောင်း သိရသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွက် ပြောင်းစိုက်ပျိုးထွက်ရှိမှု ဒုတိယအကြိမ် ကြိုတင်ခန့်မှန်းချက်အရ ပြောင်းအထွက်နှုန်းမှာ ယခင်နှစ်က တန်ချိန် ၃၈၀ ဒသမ ၈၅ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် နွေပြောင်းတန်ချိန် ၂၇ ဒသမ ၂၁ သိန်း အပါအဝင် တန်ချိန် ၃၂၄ ဒသမ ၇၀ သိန်းသို့ လျော့ကျခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ်၏ ခါရစ် (မိုး) ရာသီ ပြောင်းအထွက်နှုန်းမှာ တန်ချိန် ၂၂၇ သိန်းရှိပြီး၊ ယခင် နှစ်ကာလတူက ၂၃၆ ဒသမ ၇၄ သိန်းရှိခဲ့သည့်အတွက် ကျဆင်းခဲ့ကာ၊ ရာဘီ (ဆောင်း) ရာသီ ပြောင်းအထွက်နှုန်းမှာ ယခင်နှစ်က တန်ချိန် ၁၁၆ ဒသမ ၉ သိန်းရှိခဲ့ပြီး၊ ယခုနှစ်တွင် ၉၇ ဒသမ ၅၀



သိန်းသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ပြောင်းအဓိကစိုက်ပျိုးသည့် ပြည်နယ်များဖြစ်ကြသော Karnataka နှင့် Bihar ပြည်နယ်တို့အပါအဝင် အခြားပြည်နယ်အများအပြား၌ အယ်နီညိုကြောင့် ခြောက်သွေ့ သော ရာသီဥတုအခြေအနေနှင့် မိုးရေပုံမှန်မရရှိသည့်အတွက် ပြောင်းစိုက်ပျိုးထွက်ရှိမှုအပေါ် များစွာ ရိုက်ခတ်လျက်ရှိကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ပြောင်းစိုက်ပျိုးထွက်ရှိမှုကျဆင်းကာ ပြည်ပသို့တင်ပို့ရောင်းချမှုလည်း ကျဆင်းလျက်ရှိခြင်း၊ ထို့အပြင် ပြည်တွင်း၌ တိရိစ္ဆာန်အစာ၊ အီသနောရောစပ်ခြင်းနှင့် စားသောက်ကုန်လုပ်ငန်းများမှ ဝယ်လိုအားတိုးမြင့်လာမှုကြောင့် ပြည်တွင်းပြောင်းဈေးနှုန်းများမြင့်တက်လာလျက်ရှိခြင်း အခြေအနေများသည် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ပြောင်းတင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်းတစ်ခုဟုလည်း ရှုမြင်နိုင်မည် ဖြစ်ပါသည်။

ကောင်းထွဋ်အောင်

thehindubusinessline.com

# ရုရှားနှင့် ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုပမာဏ ၂၀၂၃ တွင် ၁၆ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့

တောင်အာရှတွင် ရုရှား၏ ဒုတိယအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့် ရုရှားတို့ကြား ကုန်သွယ်မှုပမာဏသည် လျင်မြန်စွာတိုးတက်လာခဲ့ကြောင်း၊ နှစ်နိုင်ငံအစိုးရများနှင့် စီးပွားရေး အသိုင်းအဝိုင်းများ၏ ပူးပေါင်းကြိုးပမ်းမှုများသည် ကုန်သွယ်မှုပမာဏကို အဆမတန် တိုးမြှင့်နိုင်စေခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် လက်ရှိ ကမ္ဘာလုံးဆိုင်ရာ အတားအဆီးများရှိနေသော်လည်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ၁၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ ရုရှားသံ အမတ်ကြီး Mr. Alexander Mantytsky က ပြောကြားခဲ့သည်။

စွမ်းအင်နှင့် စိုက်ပျိုးရေးကဏ္ဍ ပူး ပေါ င်း ဆော င် ရွ က် ရေး သ ည်



အဓိကနယ်ပယ်များ ဖြစ်ပြီး ရုရှားသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မိတ်ဖက်များနှင့်အတူ အပြန်အလှန်အကျိုးစီးပွားရှိသော နယ်ပယ်များကို ဆက်လက်ချဲ့ထွင်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးအသိုင်းအဝိုင်းများကြား တိုက်ရိုက်ဆက်ဆံမှုများ ထူထောင်ရန် ကြိုးပမ်းသင့်ကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အပြုသဘောဆောင်သော တိုးတက်မှုကို ထိန်းသိမ်းရန် B2B ဆက်ဆံရေးကို အထူးအာရုံစိုက်ရန် လိုအပ်မည်ဖြစ်ကြောင်း ရုရှားသံအမတ်ကြီးက အလေးပေးပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်မှ ရုရှားနိုင်ငံသို့ အဓိကတင်ပို့သောကုန်စည်များမှာ အဝတ်အထည်၊ စိုက်ပျိုးရေးထုတ်ကုန်များသည့် အာလူးနှင့် ပန်းဂေါ်ဖီများဖြစ်ပြီး ရုရှားမှ ဘင်္ဂလားဒေ့ရှ်သို့ အဓိကတင်သွင်း သော ကုန်စည်များမှာ နျူကလီးယားဓာတ်ပေါင်းဖိုဆိုင်ရာ စက်ကိရိယာများ၊ လျှပ်စစ်စက်ပစ္စည်းကိရိယာများ၊ သံသတ္တုများနှင့် ဂျုံများဖြစ်ကြောင်း သိရှိရသည်။

ခွန်မျိုးသူ

https://tass.ru/ekonomika/20939937

# မန္တလေးတိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

နေပြည်တော်၊ ဇွန် ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် နှင့် တာဝန်ရှိသူများသည် ဇွန် ၉ ရက်နေ့နံနက်ပိုင်း တွင် မန္တလေးတိုင်း ဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ စွန်ရဲအင်းဒေသ၌ အကောင်အထည်ဖေါ် ဆောင်ရွက်လျက်ရှိသည့် နို့စားနွားမွေးမြူရေးဇုန် အား ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက စီမံကိန်းစတင်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်း များ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။



တင်ပြချက်များအပေါ် ပြည်ထောင်စု ဝန်ကြီးက ဆွေးနွေး မှာကြားရာ၌ နိုင်ငံတော် အနေဖြင့် မွေးမြူရေးအခြေခံကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက် ရေး အတွက် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကမွေးမြူရေး လုပ်ငန်းရှင်များ အတွက် နည်းပညာအပါအဝင် လိုအပ်ချက်များကို မိမိတို့ဝန်ကြီးဌာနက ကူညီပံ့ပိုးပေးလျက်ရှိရာ လုပ်ငန်းဆိုင်ရာ သဘောတူညီမှု စည်းကမ်းချက်များနှင့်အညီ ပုဂ္ဂလိက အကျိုးစီးပွား ဖြစ်ထွန်းစေရေးနှင့် သတ်မှတ်ကာလအတွင်း စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေး ပြောကြားပြီး နို့စားနွား မွေးမြူရေးဇုန်တည်ဆောက်ရေး လုပ်ငန်းများ အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စဉ့်ကိုင်မြို့နယ်၊ တအုံကျေးရွာအုပ်စု၊ ဆောက်အင်းကျေးရွာအနီး တည်ဆောက်ပြီးစီးသည့် ဆောက်အင်း လျှပ်စစ်မြစ်ရေတင် စီမံကိန်း ရှင်းလင်းဆောင်တွင် ရေသောက်ဧရိယာအတွင်းမှ တောင်သူများဖြင့် ဖွဲ့စည်း ထားသော ရေအသုံးချသူများ(WUG)အဖွဲ့ဝင်များ အား တွေ့ဆုံပြီး စပါးသီးနှံအခြေခံ၍ တစ်နှစ်သုံးသီး စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရင်းနှီး ပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေ ပေးဝေနေမှု နှင့် တောင်သူ့ စိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူတည်ဆောက် ခဲ့သည့် ဆောက်အင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း သည် ပင်မလျှပ်စစ်ဓါတ်အား နှင့် ဆိုလာစွမ်းအင် ကို တွဲဖက်အသုံးပြု၍ ၃၄၀ တီမြစ်မှရေကို တင်ယူပြီး ကွန်ပျူတာ တက္ကသိုလ် (မန္တလေး)အနီးရှိ တအုံ၊ ညော့ပြ၊ တလိုင်းကန် စိုက်ကွင်းများမှ စိုက်ပျိုးမြေ ဧက ၁၀၀၀ အား နွေ၊ မိုး၊ ဆောင်း တစ်နှစ်လျှင် ၃ သီး စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၏ ပူးပေါင်းကူညီဆောင်ရွက်ပေးမှုဖြင့် ယခုနှစ်နွေသီးနှံ စိုက်ပျိုးရာသီတွင် နွေစပါး၊ နှမ်း၊ နေကြာ အပါအဝင် ဧက ၆၅၀ စိုက်ပျိုးပြီး ဖြစ်ကြောင်း၊ ရာသီဥတု ပြောင်းလဲလာမှုနှင့်အတူ မိုးခေါင်ခြင်း၊ မိုးရွာသွန်းမှုပုံစံမမှန်ခြင်းများကြောင့် သဘာဝမိုးရေဖြင့် တစ်နှစ်တစ်သီး စိုက်ပျိုးဖြစ်ထွန်းရန် သေချာမှု မရှိသည့် အဆိုပါဒေသအတွက် ဆောက် အင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ခြင်းကြောင့် နှစ် ၃၀ ကျော်ကာလအတွင်း စပါးသီးနှံကို ပထမဆုံး အကြိမ်စိုက်ပျိုးနိုင်ခြင်း ဖြစ်ကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် လာမည့် မိုးရာသီမှ စတင်ကာ စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးချဲ့ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း သိရသည်။

ထို့မှတဆင့် ပြည်ထောင်စုဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် ဆည်ရွာကျေးရွာအနီး ရှိ မန္တလေး တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း နှင့် ပုသိမ်ကြီးမြို့နယ်၊ ကြူဝန်းရှိ အသားတိုးနွား၊ မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့် သရုပ်ပြခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်ခွဲခန်းပညာရပ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းမျှဝေပေးပြီး ဓာတ်ခွဲခန်းပညာရှင် ခါးဆက်မပြတ်စေရေးနှင့် ထူးချွန်သူများ ပေါ်ထွန်းလာရေး အားပေးချီးမြှောက်ရန် လိုအပ်ချက်များ၊ ဘဏ္ဍာနှစ်အလိုက် သတ်မှတ်ထားသော လုပ်ငန်းများ လျာထားချက်ပြည့်မီစွာဆောင်ရွက်ရန်ကိစ္စရပ်များကို တာဝန်ရှိသူများအားဆွေးနွေး မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

**MOALI**

---

စာ-၁၂ မှ

ဖရဲသီး၊ သခွားသီးများအဝင်နည်း၊ အရောင်းအဝယ်နည်းနေသည်။ ရမည်းသင်း၊ မိတ္ထီလာ၊ စပျစ်သီးများ တစ်ပိဿာ ၇၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ စိန်တလုံး သရက်သီး ၅၀လုံးပါတခြင်း ၃၅၀၀၀ကျပ် ရွှေဟင်္သာ ၁၂၀လုံးပါတစ်ခြင်း ၂၅၀၀၀ကျပ်ဈေးရှိပြီး သစ်သီးမျိုးစုံကို အင်းတော်၊ ရွာငံ၊ မိုးကုတ်၊ လားရှိုးနှင့် မန္တလေးဝန်းကျင် အမှာရှိသောမြို့များသို့ တင်ပို့ရမှုရှိ သည်။

## ဂျုံနှင့် အစေ့ထုတ်ပြောင်း

ဂျုံစိုက်ဧကနည်း၊ အဝင်နည်းသွားခြင်း၊ ဂျုံစက်များ ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ငါန်းဇွန်း၊ မြင်းမူ၊ မြောင်၊ ဆားတောင်၊ ဘုတလင်၊ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ မြို့သာဂျုံများမှာ ယခင်လက ၃တင်းတစ်အိတ် ၁၆၀၀၀၀ကျပ်မှ ယခုလ အရည်အသွေးအကောင်းဆုံး ၂၀၀၀၀၀ကျပ်ထိ ဈေးမြင့်သွားပြီး၊ ကလေးဂျုံတစ်အိတ် ၁၃၀၀၀၀ကျပ်မှ ၁၅၀၀၀၀ကျပ်၊ ရှမ်းဂျုံတစ်အိတ် အရည်သွေးအကောင်းဆုံး၁၄၀၀၀၀ကျပ်မှ ၁၇၀၀၀၀ကျပ်သို့ ဈေးအသီးသီးမြင့်သွားသည်။ ဩစတြေးလျဂျုံမှုန့်မှာ လက်ကျန်များဖြစ်၍ တစ်ပိဿာ ၃၃၀၀ကျပ်၊ ဂျုံဖွဲ့တစ်ပိဿာ ၁၃၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းအနေဖြင့် ဆောင်းပြောင်း အဝင်နည်းသွားခြင်း၊ ပြည်ပတင်ပို့ရန် အဝယ်ရှိ၍ ပင်ရင်းဈေးမြင့်ခြင်း၊ အစာစပ်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ်၆၈၀၀၀ကျပ်မှ ၇၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ခင်မေကြည်

Agribiz News www.agribiznews.com.mm သတင်း

# ပြည်ပဈေးကွက်ဝင် ကျောက်ပုစွန်များ၏ ထူးခြားသောသဘာဝနှင့် ကျန်းမာရေး ကောင်းကျိုးများ



ပင်လယ်ပြာ(ဇော်ဦးစိုး)

ကျောက်ပုစွန်(Lobster)များသည် ကြီးမားသော အခွံမာ ရေနေသတ္တဝါ (Large Crustaceans) များ ဖြစ်ကြပြီး အခွံလဲတတ်သော သဘာဝ ရှိကြသည်။အခွံလဲနေသည့် ကာလအတွင်း တချို့သည် အားအလုံ အလောက်မရှိ၍ သေကြရသည်။ အခွံပြောင်းစဉ်တွင် ကျောက်ပုစွန်သည် ၁၅ ရာခိုင်နှုန်းခန့် သေဆုံးလေ့ရှိသည်။ အခွံတစ်ကြိမ်လဲလျှင် ၁၅ မိနစ်ခန့် ကြာတတ်ပြီး အရွယ်အစားမှာ ၂၀ ရာခိုင်နှုန်းခန့် ကြီးသွားပါသည်။အသက် ၅-၇ နှစ်ရှိသည့် ကျောက်ပုစွန်များသည် တစ်နှစ်လျှင် ၂၅ ကြိမ်ခန့် အခွံလဲလေ့ရှိပြီး ၄င်းတို့၏အခွံကို ယင်းတို့ကိုယ်တိုင် ပြန်စားကာ ကယ်လ်ဆီယမ်ဓာတ်ကို ရယူပါသည်။ ယင်းတို့၏အခွံ ပြန်မာရန်အတွက် ၈ လခန့် အချိန်ယူရပါသည်။

ကျောက်ပုစွန်များသည် အသက် ၁၀၀ နှစ် ဝန်းကျင်ထိ နေထိုင်နိုင်ကြပြီး အသက်အရှည်ဆုံး ရေသတ္တဝါများတွင် ပါဝင်သည်။ကျောက်ပုစွန်အမ သည် ဥပေါင်း ၈၀၀၀ မှ ၁ သိန်းကျော်အထိ ဥ,ဥနိုင်ကြပါသည်။ ညဘက်မှသာ အစာရှာထွက်လေ့ရှိပြီး အစုံစား(Omnivorous) များ ဖြစ်ကြသဖြင့် အသားရော၊အသီးအရွက်ပါ စားကြပါသည်။ကျောက်ပုစွန်သည် ပုံမှန်အားဖြင့် ၂၀-၂၅ စင်တီမီတာ အရွယ်အစားရှိကြသည်။ကျောက်ပုစွန်သွေးသည် ဟေမိုဆိုင်ယမ်နင် (Hemocyanin)ဆိုသည့်ဓာတ်ကြောင့် အပြာရောင်ဖြစ်နေပါသည်။ လူ့သွေးသည် ဟေမိုဂလိုဘင်



(Hemoglobin)ဆိုသည့် ဓာတ်ကြောင့် အနီရောင်ဖြစ်နေပါသည်။

အခွံမာကျောက်ပုစွန်များသည် ကျောရိုးမဲ့ရေသတ္တဝါ (Invertebrate)များဖြစ်ကြပြီး ခြေလက်၅ စုံပါရှိကာ ၃ စုံမှာ လက်သည်းများနှင့် ဖြစ်ပြီး ရှေ့ဆုံးလက်သည်းသည် အကြီးဆုံးဖြစ်သည်။ လက်မနှစ်ချောင်းသည်ကြီးမားလှပြီး တစ်ဖက်ကို ကြိတ်ချေရန်နှင့် တစ်ဖက်ကို ညှပ်ရန် အသုံးပြုကြသည်။ထိခိုက်ပွန်းပဲ့လျှင်လည်း ပြန်၍ အသားတက်နိုင်ပြီး ယင်းတို့၏ ခြေလက်များ ပြတ်သွားပါကလည်း အသစ်ပြန်ထွက်သော သဘာဝရှိကြသည်။ ယင်းတို့၏အခွံသည်မာကျော၍ ကျောက်ကဲ့သို့ ရှိသည်။ယခင်က ကျောက်ပုစွန်အခွံကိုဂေါက်သီးလုပ်ရာတွင် အသုံးပြုခဲ့ကြသည်ဟု သိရသည်။

ကျောက်ပုစွန်များသည် အရောင်အားဖြင့် စိမ်းပြာ၊ အပြာပုပ်ပုပ်အရောင်၊ လိမ္မော်ရောင်၊အညိုရောင်၊ ပန်းရောင်၊ အဖြူရောင် စသဖြင့် အရောင်မျိုးစုံရှိကြသည်။ တစ်ခါတစ်ရံ၌ အရောင် ၂ မျိုးနှင့် လာတတ်



ပြီး လိင်စုံဖြစ်တတ်ပါသည်။၄င်းတို့၏ အခွံအရောင်သည် အများအားဖြင့် အနီရောင် မဟုတ်ကြပေ။ ချက်ပြုတ်လိုက်မှသာ အနီရောင်ဖြစ်သွားခြင်း ဖြစ်သည်။

ကျောက်ပုစွန်များသည် ပင်လယ်အောက်ခြေလွှာတွင်သွားလာ ကျက်စားလေ့ရှိပြီး နောက်ပြန်ကူးရာတွင် အလွန်လျင်မြန်ကြပါသည်။ဥရောပတိုက်နှင့် မြောက်အမေရိကတိုက်တို့တွင် ပေါများပါသည်။7-colors ဟု လူသိများသော ကျောက်ပုစွန်သည် အကောင်းဆုံးနှင့်ဈေးအမြင့်ဆုံး ဖြစ်သည်။ တစ်ကောင်လျှင် ၂ ပိဿာမှ ၃ ပိဿာအထိ ကြီးထွားကြသည်။

ကျောက်ပုစွန်ကို မြန်မာ့ပင်လယ်ပိုင်းတွင်လည်း တွေ့ရတတ်ပြီး ပင်လယ်ကမ်းရိုးတန်းများဒေသများ တစ်လျှောက် တွေ့ရလေ့ရှိပါသည်။ အထူးသဖြင့် ရခိုင်ကမ်းရိုးတန်း၊မြိတ်ကမ်းရိုးတန်းများတွင် အများအပြား ရရှိကြပါသည်။ မာန်အောင်ကျွန်းပတ်ဝန်းကျင်၌ Seven Colors, Yellow Bamboo,Green ဟူ၍ အမည်ပေးထားသော ကျောက်ပုစွန်



အမျိုးအစားများ ရှိပါသည်။Blue နှင့် Red Spot ဟူသော ကျောက်ပုစွန်ကို အနည်းငယ်လောက်သာ တွေ့ရှိရသည်။အဆိုပါ ကျောက်ပုစွန်များကို မာန်အောင်ဒေသတွင် "မဂန်း" ဟု ခေါ်ကြပြီး တနင်္သာရီဒေသတွင် "ပဂဲ"ဟု ခေါ်ကြသည်။

ကျောက်ပုစွန်များသည် အကောင်ကြီးလေ၊အသက်ကြီးလေ စွမ်းအားကြီးလေ ဖြစ်သည်။အရွယ်အစားအကြီးဆုံး ကျောက်ပုစွန်ကို ကနေဒါနိုင်ငံတွင်ဖမ်းမိခဲ့ပြီး ၄၄ ဒသမ ၄ ပေါင်ခန့်အလေးချိန်ရှိသည်။ကျောက်ပုစွန်များသည် ပြေးပြီဆိုလျှင် ဗိုက်ကိုကွေးလိုက်ဖြောင့်လိုက်နှင့် အမြန်ပြေးပါသည်။ ၁နာရီလျှင် ၁၁ မိုင်နှုန်းနှင့် ပြေးနိုင်ကြသည်။ထို့ပြင် ကျောက်ပုစွန်တွင် အစာအိမ် ၂ ခု ပါရှိပြီး ၄င်းတို့အချင်းချင်း တစ်ကောင်ကိုတစ်ကောင် စားတတ်ကြသည်။

## မျိုးပွားခြင်း

ကျောက်ပုစွန်ကို အထီး၊အမ သိချင်ပါကဗိုက်နားကိုကြည့်ရသည်။ အမများသည် ဥများကို သယ်ရန်အတွက် အမြီးပိုရှည်ပြီး ကျယ်ပါသည်။အမများသည် အခွံဟောင်းကို စွန့်ခွာပြီးချိန်မှစ၍ အခွံသစ်မမာလာခင် အချိန်ထိ မျိုးပွားကြပါသည်။ ဓာတ်တစ်မျိုးကို ထုတ်လွှတ်ပြီး အထီးများကို ခေါ်ပါသည်။ကျောက်ပုစွန်အမသည် အထီး၏ Sperm ကို ၂ နှစ်လောက် ထိန်းထားနိုင်ပါသည်။

အလေးချိန် တစ်ပေါင်ရှိသည့် ကျောက်ပုစွန်အမသည် ဥပေါင်း ၈၀၀၀ ကျော် သယ်နိုင်ပြီး ၉ ပေါင်လောက်ရှိသည့်အမသည် ၁သိန်းကျော် သယ်နိုင်ပါသည်။ ဥများပေါက်တော့မည်ဆိုလျှင် အမသည် လှုပ်ရမ်းပြီးထုတ်ပါသည်။ ဥများသည် ဥဘဝမှာတင် ၆ကြိမ်ခန့် အရေခွံ လဲတတ်ကြပါသည်။ ဥများသည် ရေမျက်နှာပြင်တွင် ၆ ပတ်လောက် မျောနေပြီး ၀ ဒသမ၁ ရာခိုင်နှုန်းတောင် အသက်မရှင်ကြပေ။

ကျောက်ပုစွန်များသည် လင်းပိုင်များကဲ့သို့ပင် တစ်ကောင်နှင့် တစ်ကောင် ဆက်သွယ်တတ်သော သဘာဝရှိကြသည်။ညဘက်မှသာ အစာရှာထွက်လေ့ရှိပြီး ခန္ဓာကိုယ်တွင်အစိတ်အပိုင်း ၁၉ ခု ပါရှိသည်။ ကျောက်ပုစွန်များသည် နာကျင်မှုကို ခံစားနိုင်ပါသည်။အာရုံကြောစနစ်ပျက်စီးသွားသည်အထိ နာကျင်မှုကို ခံစားရတတ်ပါသည်။ကျောက်ပုစွန်များသည် အများအားဖြင့် မိုးရာသီကာလတွင် မျိုးပွားကြပြီး ဆောင်းရာသီနှင့် နွေရာသီကာလ ရေအငန်နှုန်း မြင့်မားချိန်များ၌ ကျောက်ပုစွန်အကောင်ကြီးများ ဖမ်းဆီးရမိတတ်ပါသည်။

စာ-၉သို့

စာ-၈ မှ

## မြန်မာနိုင်ငံတွင် တွေ့ရများသော ကျောက်ပုစွန်(Spiny Lobster) မျိုးစိတ်များ

မြန်မာနိုင်ငံတွင် တွေ့ရများသော ကျောက်ပုစွန်မျိုးစိတ် ၃မျိုး၏ သိပ္ပံအမည်မှာ-

မျိုးစိတ်-၁ = Panulirus Polyphagus
မျိုးစိတ်-၂ = Panulirus Ornatus
မျိုးစိတ်-၃ = Panulirus Versicolor
တို့ဖြစ်ကြသည်။

မျိုးစိတ်-၁ Panulirus Polyphagus ကျောက်ပုစွန်ကို မြန်မာ့ဒေသအခေါ် အရ ဘန်းဘူး (Bamboo) ဟုခေါ်ဆိုကြပြီး အင်္ဂလိပ်အခေါ်မှာ "Mud Spiny Lobster" ဟု အမည်တွင်သည်။ယင်းကျောက်ပုစွန်မျိုးစိတ်၏ ကျောခွံ၊ကျောက်ခွံအလျား (Carapace Length)မှာ ၄၀ စင်တီမီတာထိ ရှိပြီး ပုံမှန်အားဖြင့်၂၀-၂၅ စင်တီမီတာရှိကြသည်။ခန္ဓာကိုယ်အရောင်သည် အစိမ်းရောင်ဖျော့ဖျော့ရှိပြီး ဦးခေါင်းပိုင်းတွင် ဆူးချွန်(Spine) ၂ ခု (တစ်စုံ) ပါရှိသည်။ ယင်မျိုးစိတ်ကို ရခိုင်၊တနင်္သာရီနှင့်မွန်ပြည်နယ်၌ တွေ့ရများသည်။

မျိုးစိတ်-၂ Panulirus Ornatus ကျောက်ပုစွန်ကို မြန်မာဒေသအခေါ် အရ "Flower" "ပန်းပွင့်ပုံသဏ္ဌာန်" ဟု အမည်တွင်ပြီး အင်္ဂလိပ်အခေါ်မှာ"Ornate Spiny lobster" ဖြစ်သည်။ ထိုကျောက်ပုစွန်မျိုးစိတ်၏ ကျောခွံအလျားမှာ ၆၀ စင်တီမီတာခန့်ရှိပြီး ပုံမှန်အားဖြင့် ၂၀-၂၅ စင်တီမီတာ ရှိကြသည်။ခန္ဓာကိုယ်အရောင်သည် စိမ်းပြာနီရောင် ရှိကြသည်။ ဤကျောက်ပုစွန်မျိုးစိတ်သည် အရွယ်အစားပိုမိုကြီးမားကြပြီး ပိုမိုလှပကြသည်။ဆူးချွန် ၂ စုံပါရှိကြသည်။ရခိုင်၊တနင်္သာရီဒေသ တွင် တွေ့ရများပြီး 7-colors ဟူ၍လူသိများပါသည်။

မျိုးစိတ်-၃ Panulirus Versicolor ကျောက်ပုစွန်သည် မြန်အခေါ်အရ "Blue" ဟု အမည်တွင်ပြီး အင်္ဂလိပ်အခေါ်မှာ"Painted Spiny Lobster" ဟု သိရပါသည်။ထိုကျောက်ပုစွန်မျိုးစိတ်၏ ကျောခွံအလျားမှာ ၄၀ စင်တီမီတာရှိပြီး အများအားဖြင့် (၂၀-၃၀)စင်တီမီတာကြားရှိကြသည်။ အရောင်မှာအစိမ်းနှင့်အမည်းရောင်စပ်ဟပ်လျက်ရှိပြီး ဆူးချွန် ၂ စုံ ပါရှိပါသည်။ရခိုင်၊ တနင်္သာရီ ဒေသတို့တွင် တွေ့ရများပါသည်။

## ကျောက်ပုစွန် ဖမ်းဆီးပုံ

ကျောက်ပုစွန်များကို ရေလုပ်သားများမှ မိုးရာသီအကုန် ပွင့်လင်းရာသီဖြစ်သော နိုဝင်ဘာလမှ ဧပြီလထိ ဖမ်းဆီးကြပြီးအဓိကအားဖြင့်သဘာဝဘေးအန္တရာယ်နှင့် မိုးလေဝသ အခြေအနေပေါ်မူတည်၍ လုပ်ကိုင်စားသောက်ကြပါသည်။ကျောက်ပုစွန်များကို မိုးတွင်းကာလ မိုးရွာသွန်း၍ ရေချိုများပြားသည့်အချိန်တွင် ဖမ်းဆီးရရှိမှု မရှိဘဲ ဆောင်းရာသီအအေးများချိန်၊ နွေရာသီ ရေအငန်နှုန်း မြင့်မားချိန်များ၌သာ ဖမ်းဆီးရမိကြပါသည်။.

ကျောက်ပုစွန်များသည် ကမ်းရိုးတမ်းတစ်လျှောက်ရှိ ကမ်းနီးရေတိမ်ပိုင်း၊ကျောက်ကြို ကျောက်ကြားများ၌ နေထိုင်ကျက်စားကြပြီး ရေချိုများသည့် မိုးရာသီအချိန်တွင် ရေနက်ပိုင်း၌ အများဆုံးနေထိုင်ကြပါသည်။

ကျောက်ပုစွန်ဖမ်းသော ရေလုပ်သားများသည် ပွင့်လင်းရာသီ၌ ကျောက်ပုစွန်များကို မြှုံး၊ လှော်ချင်းပိုက်များဖြင့် ပင်လယ်ပြင်ကျောက်



ဆောင်များ အကြားတွင် ဖမ်းဆီးကြပါသည်။ထို့ပြင် ဒေသအခေါ်"ပိုင်"ဟု သိရှိရသော"မြှုံး"ဖြင့်လည်း ထောင်ချောက်ဆင်ဖမ်းဆီးကြပါသည်။မြှုံးမှာ ဝါး(နှီး)ကိုအရှည်သင်ပြီး တောင်းရက်သကဲ့သို့ ရက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။မြှုံး၏အလျားမှာ ၂ ပေခန့်ရှိပြီး အဝမှာ ၁ပေခန့်ရှိပါသည်။တစ်ခါထောင်လျှင် အလုံး ၂၀ ခန့်ထောင်ကြရပါသည်။ကျောက်ပုစွန်ကို ထောင်ဖမ်းရာတွင် ရေအနက် (ရေပြည့်ချိန်)တွင် ၂၄ ပေ၊ ရေကျချိန်တွင် ၉ ပေနှင့် အလွန်ဝေးသော ကမ်းဝေးတွင် ၄၅ ပေ အကွာအဝေးတွင် ထောင်ပြီး ရေစစ်ချိန်တွင်ဖော်ကြပါသည်။တစ်လလျှင် အနည်းဆုံး ရက် ၂၀ ခန့် ကျောက်ပုစွန်ထောင်ဖမ်းကြပြီး တစ်ရက်လျှင် အနည်းဆုံး ၅ကောင်မှ အများဆုံး အကောင် ၅၀ ထိ ရရှိကြပါသည်။

ကျောက်ပုစွန်ကို ရေပြည့်ချိန်တွင်သာမက ရေကျချိန်တွင်လည်း ဖမ်းဆီးမှုရှိပြီး ရေသေတွင် အများဆုံး ဖော်ကြပါသည်။ ၎င်းအပြင် ကျောက်ပုစွန်များကို ငါးပြားလေးအဖြူ၊ ငါးသလောက်ငါးများဖြင့်လည်း ထောင်ချောက်ဆင်ဖမ်းနိုင်ပါသည်။ တစ်ခါတစ်ရံ အုန်းသီးကို မီးဖုတ်၍လည်း ထောင်ဖမ်းကြပါသည်။ရေနက်ပိုင်းမှကျောက်ဆောင်၊ ကျောက်ကြားတွင်ထောင်လေလေ အကောင်ကြီးကြီးများများမိလေ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ကျောက်ပုစွန်အရှင်များ ဈေးကွက်သို့ တင်ပို့ခြင်း

ကျောက်ပုစွန်၏ အလေးချိန်သည် 1kg တွင် ၆၅ ကျပ်သားရှိပြီး ရေလုပ်သားများမှ အဝယ်ဒိုင်သို့ ရောင်းချကြပြီး အရွယ်အစားအကြီးအသေး အလိုက် ဈေးနှုန်းကွဲပြားကြပါသည်။ ဒိုင်များသို့ ကျောက်ပုစွန်အရှင်များလာရောက်ပို့ရာတွင် ပြုစုကန်အတွင်း ယာယီ သိုလှောင်ထားပြီး စက်ဖြင့်မောင်း၍ တစ်နေ့တာ ရေလှုပ်ရန် အနည်းဆုံး ၂၄ နာရီ အချိန်ကြာပါသည်။

ရေငန်များကို ပင်လယ်မှ စုပ်ယူပြီး သီးသန့် အကြည်ခံ၍ ပြုစုကန်သို့ ထည့်သွင်းပြီး ရေလဲလှယ်သည့်စနစ်ကို ကျင့်သုံးပါသည်။ကျောက်ပုစွန်ဖမ်းသော အချိန်ကာလ၊ဖမ်းသောပိုက်များ၊ ကိရိယာများနှင့် ဖမ်းဆီးပုံ၊ ဖမ်းဆီးနည်းများသည် တစ်နိုင်ငံလုံး ဆင်တူ ကြပါသည်။အရွယ်အစားအလိုက် ဈေးနှုန်းအမျိုးမျိုး ကွဲပြားသွားခြင်း ဖြစ်သည်။

ထို့ပြင် ကျောက်ပုစွန်အရှင်များကို ရန်ကုန်အအေးခန်းသို့ မတင်ပို့မီ ဖော့ပုံးထဲသို့ရေခဲခြောက်အထုပ်များနှင့် ထည့်ရပါသည်။ဖော့ပုံးတစ်လုံးလျှင် ကျောက်ပုစွန်အရှင်(၈)ပိဿာခန့် ဝင်ဆန့်ပြီး ကျောက်ပုစွန်ကို စက္ကူဖြင့် ထုတ်ပိုးရပါသည်။ပို့ကုန်များကို ၁၂ နာရီမှ ၁၆ နာရီခန့် ကြာမြင့်သည်အထိ ရှင်သန်အောင်စီမံဆောင်ရွက်တင်ပို့ကြရပါသည်။ မြန်မာတစ်နိုင်ငံလုံးမှ ကျောက်ပုစွန်အရှင်များကို ရန်ကုန်ကုမ္ပဏီများသို့ ပို့ပြီး ထိုမှတဆင့် နိုင်ငံခြား တိုင်းပြည်များသို့ တင်ပို့ကြပါသည်။

## ကျောက်ပုစွန်အသုံးဝင်ပုံ

ကျောက်ပုစွန်ကို ကင်စား၊သုပ်စား၊ ပေါင်းစားကြပြီး အသားကို အချို့ ကြော်စားခြင်း၊ကျောက်ပုစွန်ချဥ်စပ်ဟင်း ပြုလုပ်စားခြင်း၊ ခေါင်း



နှင့် အခွံကို ဟင်းခတ်အမွှေးအကြိုင်များဖြင့် စွပ်ပြုတ် ပြုတ်စားခြင်း စသဖြင့် မျိုးစုံ ချက်ပြုတ်စားကြပါသည်။ ကျောက်ပုစွန်နှင့် ပါတ်သက်သော ဟင်းလျာများမှာ ဟိုတယ်များတွင် ဈေးကြီးပေးကာ ဝယ်ယူသုံးဆောင်နေကြပါသည်။

ကျောက်ပုစွန်သည် အသားသာမက အခွံသည်လည်း လွန်စွာ



အသုံး ဝင်ပါသည်။ကျောက်ပုစွန်အခွံကို အိမ်ဧည့်ခန်းတွင် အလှဆင်ပစ္စည်းအဖြစ်ထားခြင်း၊အစည်းအဝေးခန်းမ၊ရုံးခန်းများတွင်လည်း အလှဆင်ပစ္စည်းအဖြစ် ချိတ် ဆွဲလေ့ရှိကြပါသည်။ထို့ပြင် ဧည့်သည်များကို အမှတ်တရလက်ဆောင်အဖြစ် ပေးလေ့လည်း ရှိကြသည်။

## ကျောက်ပုစွန်စားခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများ

ကျောက်ပုစွန်တွင် ပရိုတင်းဓာတ်ကြွယ်ဝစွာပါရှိပြီး Selenium ဓာတ်, ဗီတာမင်-12, ကယ်လ်စီယမ်, Phosphorus, ကလိုရင်း, ကော့ပါး,ဇင့်, အိုင်အိုဒင်း, ဗီတာမင် B-3, ဗီတာမင်-E,ဗီတာမင် B-6,Omega-3 အဆီဓာတ်,Pantothenic အက်ဆစ်နှင့် ဗီတာမင်-A စသည်တို့ ပါဝင်ပါသည်။ ကျောက်ပုစွန်စားခြင်းဖြင့်-

၁။နှလုံးကျန်းမာရေးကောင်းမွန်ခြင်း

ကျောက်ပုစွန်တွင် Omega-3 fatty acid ပါဝင်ပါသည်။ထိုအက်စစ်ဓာတ်များသည် သွေးလှည့်ပတ်မှုကို ကောင်းမွန်စေပြီး နှလုံးရောဂါမခံစားရအောင် ကာကွယ်ပေးပါသည်။ ထို့ပြင် ကျောက်ပုစွန်တွင် ပါဝင်သော Selenium ဓာတ်သည်လည်း နှလုံးကိုထောက်ပံ့ကူညီပေးသည်။

၂။ကင်ဆာရောဂါ ကာကွယ်နိုင်ခြင်း

Selenium ဓာတ်သည် ကင် ဆာဆဲလ်များ ကြီးထွားမှုကို တား မြစ်ပေးပါသည်။ အဆုတ်ကင်ဆာကဲ့သို့သော ကင်ဆာမျိုးကို ကျောက်ပုစွန်စားခြင်းဖြင့် ကာကွယ်နိုင်ပါ သည်။ ကျောက်ပုစွန်တွင် ပါဝင်သော Selenium ဓာတ်ကို ခန္ဓာကိုယ်မှ အလွယ်တကူ စုပ်ယူနိုင်ပါသည်။

၃။ဦးနှောက်ဖွံ့ဖြိုးမှုနှင့် စိတ်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ခြင်း

ကျောက်ပုစွန်တွင် ပါဝင်သော Omega-3 fatty acid နှင့် ဗီတာမင် B-12 တို့သည် ဦးနှောက်နှင့် စိတ်ကျန်းမာရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ အိုမီဂါ-၃ ဖက်တီးအက်ဆစ်ကြွယ်ဝသောအစားအစာများကို စားသုံးသူများသည် လေဖြတ်ခြင်း၊စိတ်ဓာတ်ကျခြင်း၊ စိတ်ကျရောဂါနှင့် အယ်လ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေနည်းပါးကြောင်း လေ့လာမှုများက ဖော်ပြသည်။

စာ-၁၃ သို့

## Wageningen University and Research - WUR, The Netherlands



ဒေါက်တာချိန်ကြွယ်

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၆)

## နယ်သာလန်နိုင်ငံ၊ ဗာဂဲန်နီကန်တက္ကသိုလ်နှင့်သုတေသနဌာန

(ယခင်အပတ်မှအဆက်)

ဗာဂဲန်နီကန်တက္ကသိုလ် သည် ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အကောင်းဆုံး နံပါတ်တစ် တက္ကသိုလ်ဖြစ်ပါသည်။ လူဦးရေ သန်း ၂၀ လောက်ပဲရှိသည့် ဤနိုင်ငံသေးသေးကလေးက စိုက်ပျိုးမွေးမြူရေးကို အဆင့်မြင့်ပညာသင်ကြား၊ သုတေသနပြုမှုမှာ ကမ္ဘာ့ နံပါတ်တစ် ဗိုလ်စွဲထားတာ အလွန်စိတ်ဝင်စားစရာကောင်းပြီး အားကျအတုယူရအောင်ပါ။

(၁) ပထမဆုံးအနေနှင့် တက္ကသိုလ်နှင့်သုတေသနဌာန ပေါင်းထားခြင်းဖြစ်ပါသည်။ စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ် (Synergy Effect; Synergism) ကြောင့် အတွေးအခေါ်ကောင်းများ စုပေါင်းရရှိသဖြင့် တိုးတက်သွားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံရေဆင်းနယ်မြေတွင် တက္ကသိုလ် (University) ၃ ခု၊ သုတေသနဌာန (Research Institute) ၃ ခု နီးကပ်စွာတည်ရှိပါသည်။ မော်တော်ကား၊ စက်ဘီး၊ ဆိုင်ကယ်ဖြင့် သွားရုံသာမက လမ်းလျှောက်သွားလျှင်ကိုပဲ သွားလို့ရပါသည်။ ထိုကဲ့သို့ စုပေါင်းတည်ရှိနေသော နေရာတွင်ကျွန်တော်တို့နိုင်ငံအတွက် အထူး လိုအပ်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း (ငါး၊ ပုစွန်)၊ သစ်တောပညာ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို စုပေါင်းအားဖြင့် ဗာဂဲန်နီကန်တက္ကသိုလ်ကဲ့သို့ သင်ကြားရေး၊ သုတေသန၊ တောင်သူနှင့်လူထုပညာပေးလုပ်ငန်းများ (Agricultural Extension and Community Services) ကို ပေါင်းစည်းသည့်စနစ် (Merger System) သို့မဟုတ် အစုအဝေးဖြင့် ဆောင်ရွက်သည့်စနစ် (Cluster System)ဆောင်ရွက်ပါကယခုထက် ပိုပြီး သင်ကြားရေး၊ သုတေသန များ ပိုမိုတိုးတက်လာမည်လား စိတ်ကူးယဉ်မိပါသည်။

(၂) ဒုတိယအနေဖြင့် အခြားတက္ကသိုလ်များကဲ့သို့ ဘာသာရပ်ပေါင်းစုံ (Multi-Disciplinary Approach) နှစ်စဉ် သင်ကြားပေးနိုင်သော၊ သင်ယူခွင့်ရှိသော အခွင့်အလမ်းရှိနေခြင်းပါ။ အိန္ဒိယနိုင်ငံကဲ့သို့ နိုင်ငံများတွင် စိုက်ပျိုး၊ မွေးမြူရေး ဆိုင်ရာ တက္ကသိုလ် (Agricultural University) ဟူ၍ နာမည်နှင့် ဘောင်ကန့်သတ်ထားပါသည်။ ဗာဂဲန်နီကန်တက္ကသိုလ်ကတော့ ဘောင်ခတ်မထားဘဲ စိုက်ပျိုးရေးနှင့် ဆက်စပ်ဘာသာရပ်များကို အကုန်ဆွဲသွင်းထားခြင်းပါ။ ၂၀၁၈-ခုနှစ် ဇွန်လတုန်းက ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် ဗာဂဲန်နီကန်တက္ကသိုလ်နှစ်ခု နားလည်မှု စာချွန်လွှာ ရေးထိုးပွဲ (MoU – Memorandum of Understanding) ပြုလုပ်ရန် ကျွန်တော်တို့အဖွဲ့ ထိုတက္ကသိုလ်သို့ သွားရောက်ခဲ့ပါသည်။ တက္ကသိုလ်၏ မှန်ခြံ (Glass House) အကြောင်းကို ဆွေးနွေးရာ တာဝန်ရှိသူတစ်ဦးက ဤမှန်ခြံထဲတွင် ပါရဂူဘွဲ့သုတေသန လူ ၁၀၀၀-ဦး တပြိုင်နက် ပြုလုပ်၍ရသည်ဟု ပြောခဲ့ပါသည်။ ကြွားလုံးလားဟု ထင်မိရာတကယ် သွားကြည့်တော့မှ တစ်မိုင်ပတ်လည်လောက်ကျယ်ဝန်းသည့် မှန်ခြံကြီး အကြီးကြီး ဖြစ်နေတာကို တွေ့ခဲ့ရပါသည်။

တက္ကသိုလ်၌ မဟာဌာနကြီး ၅ ခု ရှိရာ-

(က) သီးနှံနှင့် အပင်သိပ္ပံမဟာဌာန (Faculty of Plant Sciences)

(ခ) စိုက်ပျိုးနည်းပညာနှင့် အစားအသောက်သိပ္ပံ မဟာဌာန (Faculty of Agro-Technology and Food Sciences)

(ဂ) မွေးမြူရေးသိပ္ပံမဟာဌာန (Faculty of Animal Sciences)

(ဃ) ပတ်ဝန်းကျင်သိပ္ပံ မဟာဌာန (Faculty of Environmental Sciences) နှင့်

(င) လူမှုရေးသိပ္ပံ မဟာဌာန (Faculty of Social Sciences)

စသည့် မဟာဌာနကြီးများတွင် ပါမောက္ခ ၁၇၀-ဦး က စိုက်ပျိုးမွေးမြူရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်နည်းပညာများကို သင်ကြား သုတေသနပြုလျက်ရှိပါသည်။

ကျွန်တော်တို့နိုင်ငံရှိ စိုက်ပျိုး၊ မွေးမြူရေးနှင့် သစ်တောဆိုင်ရာ တက္ကသိုလ်များမှာ ဘာသာရပ် တစ်ခုချင်း အထူးပြုဖွင့်လှစ်ထားခြင်းဖြစ်ပြီး ပါမောက္ခ ၂၀-၃၀ ဦးခန့်၊ ကျောင်းသား၊ ကျောင်းသူ အရေအတွက်မှာလည်း နှစ်ထောင်၊ သုံးထောင်လောက်သာ ရှိကြသော တက္ကသိုလ်ငယ်လေးများ ဖြစ်ကြပါသည်။

ဒဂုံတက္ကသိုလ်ကဲ့သို့ ကျောင်းသားငါးသောင်းကျော် ရှိသည့် တက္ကသိုလ်များရှိသော်လည်း နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်နေသော စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ အသုံးချဘာသာရပ်များ သင်ကြားပေးနေမှုမှာ အားနည်းနေသေးပါသည်။ ထို့အတွက် ကမ္ဘာ့အဆင့်မီ တက္ကသိုလ်များ စာရင်းဝင်လိုသည်ဆိုပါက ဘာသာရပ်ပေါင်းစုံ သင်ကြား ပေးသော တက္ကသိုလ်စနစ် (Comprehensive University System) ဖြစ်သင့်ပြီး ကျောင်းသား၊ ကျောင်းသူ အရေအတွက်မှာလည်း တစ်သောင်းအထက် ရှိသင့်ပါသည်။ သုတေသန အခြေခံ တက္ကသိုလ် ဖြစ်ရန်အတွက် စာသင်ကြားမှု အဓိကထားသည့် ပါမောက္ခများ (Teaching-based Professors) ရှိရမည့်အပြင် သုတေသနကို အဓိကထားသည့် ဘွဲ့လွန် (မဟာ၊ပါရဂူ ကျောင်းသား၊ ကျောင်းသူ) များနှင့် တွဲဖက်ဆောင်ရွက်နေသော ပါမောက္ခ၊ တွဲဖက်ပါမောက္ခများ (Research-based Professors) လည်း များစွာရှိနေရန် လိုပါသည်။ သုတေသနများစွာ ပြုလုပ်ပြီး နိုင်ငံတကာ အသိအမှတ်ပြုဂျာနယ် (International Referee Journals) များတွင် သုတေသနတွေ့ရှိချက်များကို ပုံနှိပ်ထုတ်ဝေ(Publication) မှသာကမ္ဘာ့ တက္ကသိုလ် အချင်းချင်း အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင် (Competition) ခြင်း ပြုလုပ်နိုင်ပါလိမ့်မည်။

**မဟာဌာန၊ အုပ်စုအဖွဲ့ကြီးများ**

(က) **သီးနှံနှင့် အပင်သိပ္ပံ (Faculty/ Chairs of Plant Sciences)** မဟာဌာန/ပါမောက္ခအဖွဲ့ကြီး အောက်တွင်ဘာသာရပ်အစုအဝေး (Cluster / Group) (၆) ခုရှိပါသည်။

(က-၁) စိုက်ပျိုးသီးနှံနည်းပညာ (Agro-Technology)၊ အုပ်စုအောက်တွင် စိုက်ကွင်းဆိုင်ရာနည်းပညာ (Farm Technology) အဖွဲ့ ရှိပါသည်။

(က-၂) ဇီဝမျိုးကွဲများ (Biodiversity) အုပ်စု အောက်တွင် ဇီဝအမျိုးအစားခွဲခြားခြင်း (Biosystematics)၊ အပင်မျိုးမွေးမြူရေး (Plant Breeding) အဖွဲ့တို့ရှိပါသည်။

(က-၃) ဇီဝစာရင်းအင်းပညာ (Biometrics) အုပ်စုအောက်တွင် အသုံးချသင်္ချာ (Applied Mathematics)၊ အသုံးချစာရင်းအင်းပညာ (Applied Statistics) တို့ရှိပါသည်။

(က-၄) ဇီဝသိပ္ပံပညာ (Bioscience) အုပ်စုအောက်တွင် ဇီဝဆိုင်ရာ အချက်အလက်နည်းပညာ (Bioinformatics)၊ ဆဲလ်ဇီဝဗေဒ (Cell Biology)၊ ဗီဇဗေဒ (Genetics)၊ မော်လီကျူးဆိုင်ရာဇီဝဗေဒ (Molecular Biology)၊ အပင်ဇီဝကမ္မဗေဒ (Plant Physiology) တို့ ရှိပါသည်။

(က-၅) အပင်ကာကွယ်ရေး (Crop Protection) အုပ်စုအောက်တွင် ကီဗိလဗေဒ (Entomology)၊ နီမတုတ်ပညာ (Nematology)၊ အပင်ရောဂါဗေဒ (Phytopathology) နှင့် ဗိုင်းရပ်ပညာ (Virology) တို့ရှိပါသည်။

စာ-၁၅ သို့



ဗာဂဲန်နီကန်တက္ကသိုလ်၏ ကြီးမားလှသော မှန်ခြံကြီး




## ဆန်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင်ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၅၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ် လျှင် ၁၂၅၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၂၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထ ဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၇၀၀၀ ကျပ်နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၇၆၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ငစိန်ဆန် အလတ်စတစ်တင်းခွဲ တစ်အိတ် လျှင် ၇၃၀၀၀ ကျပ်နှင့်အောက်စတစ်တင်းခွဲ တစ်အိတ်လျှင် ၇၂၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း အသီးသီး ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ယခင် ရက်သတ္တပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ငစိန်ဆန်တစ်မျိုးသာ တစ်အိတ်လျှင် ၂၀၀၀ ကျပ်ဝန်းကျင်ဈေးမြင့်ခဲ့ခြင်းဖြစ်သည်။ ကျန်ဆန်အမျိုးအစားများမှာ အရောင်းအဝယ်အေးသော်လည်း အမြင့်ဈေး၌ပင်တည်ငြိမ်လျက် ရှိနေသည်။ စပါးအရည်အသွေး အနိမ့်စများခြင်းကြောင့် ဆန်ကြိတ်ခွဲရရှိမှုနည်းကာ ဆန်လတ်၊ ဆန်ကွဲအထွက်များခြင်း၊ လျှပ်စစ်မီးအခက်အခဲကြောင့် စပါးကြိတ်ခွဲ ရရှိမှုနည်းခြင်း၊ မိုးရွာသွန်းမှုများကြောင့် ဈေးကွက်သို့ ကုန်အဝင်နည်းခြင်း၊ သယ်ယူပို့ဆောင်စရိတ်များ ဈေးမြင့်နေခြင်း၊စားသုံးသူများမှ အရောင်းအဝယ်အေးခြင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ပြည်ပတင်ပို့ ဈေးနှုန်းများမှာလည်း ဆန်သစ်ပေါ်ချိန်ဖြစ်ခြင်းနှင့် အရောင်းအဝယ်အေးခြင်းကြောင့် ဈေးငြိမ် နေခြင်းစသည့် အခြေအနေများဖြစ်ပေါ်ခဲ့ပြီး ပြည်တွင်းစားသုံးမှုများသော ဆန်ချော ဆန်ကြမ်း များအားလုံး အမြင့်ဈေးကွက်တွင်ပင် တည်ငြိမ်နေခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီ ဈေးကွက် တွင် ဆန်တစ်ပြည်လျှင် အနိမ့်ဆုံးဈေးနှုန်းမှာ ၃၅၀၀ ကျပ်ဝန်းကျင်ဖြစ်ပြီး အမြင့်ဆုံးဈေးနှုန်းမှာ ၈၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။ ရန်ကုန်တိုင်းအတွင်းရှိ စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းများဖြင့် ဆန်ဝယ်ယူ စားသုံးနိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းမြို့နယ် ၁၈ မြို့နယ်ရှိအသင်းဝင် ဆန်လက်လီဆိုင် ၅၈ ဆိုင်တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၃၃၀၀ ကျပ်နှုန်းဖြင့် ၁၆-၂-၂၀၂၄ နေ့မှစတင်ကာ အပတ်စဉ် (သောကြာ၊ စနေ၊ တနင်္ဂနွေ) နေ့များတွင် ဆန်ရောင်းချပေးလျက် ရှိသည်။ ၎င်းဧည့်မထဆန်များအား ကြိုက်နှစ်သက်မှုနည်းကာ အရောင်းအဝယ် အေးလျက်ရှိကြောင်းသိရသည်။ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ် ၊လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု နည်းခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ် တင်သွင်းခွင့်ရသော ကာလဖြစ်ခြင်း၊ထိုင်း၊အိန္ဒိယ၊ ဖိလစ်ပိုင်နိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဂိတ်အချို့မှ တင်ပို့မှုရှိခြင်း၊ ထိုင်းနယ်စပ်တွင် ပြောင်းဈေးမြင့်လာခြင်း၊ ပင်လယ်ရေကြောင်းမှ တင်ပို့ရာတွင် ကုန်သေတ္တာရရှိမှုနှင့် ရာသီဥတုအပေါ်ချိန်ဆ၍ အချိန်မီဆောင်ရွက်ရခြင်းကြောင့် အစေ့ထုတ်ပြောင်းများအားဈေးကောင်းပေးဝယ်ယူမှုရှိလာခြင်းစသည့် အခြေအနေများကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်းများမှာ ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၇၀၇၄၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၇၅၀၆၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ အချို့ဒေသများတွင်မူ တောင်သူများလက်ဝယ်ရှိ ပြောင်းများအားအနိမ့်ဈေးဖြင့်ရောင်းချပြီးပါမှ ပြောင်းဈေးမြင့်လာခြင်းကြောင့် တောင်သူအများစုမှာ အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီး လတ်တလောတွင်လည်း မျိုးစေ့နှင့် မြေဩဇာဈေးမြင့် နေခြင်းကြောင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးမှုများလည်း လျော့နည်းလာဖွယ် ရှိကြောင်းသိရှိရသည်။

## ပဲမျိုးစုံ

ပဲမျိုးစုံ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲအပြီးတွင် ပဲဈေးများ မြင့်လာခြင်း၊ အစိုးရကထုတ်ပြန်ထားသော ကောက်ပဲသီးနှံအထွက်နှုန်းကြိုတင်ခန့်မှန်းချက်အရ ပဲအထွက်နှုန်းများ ကျဆင်းမှုရှိခြင်း၊ ပဲလိုအပ်ချက်များခြင်း၊ မတ်ပဲအား မြန်မာနိုင်ငံအပြင် ဘရာဇီး၊ အာဂျင်တီးနားနိုင်ငံများမှ တင်သွင်းရန် ပြင်ဆင်မှုများရှိခြင်းတို့ဖြစ်ပေါ်ခဲ့သည်။ မြန်မာပြည်တွင်း၌လည်း ပဲဈေးနှုန်းများ လှုပ်ခတ်မှုများသော ကာလဖြစ်ခြင်း၊ ငွေဈေးနှင့် ရွှေဈေးနှုန်းအခြေအနေ များကြောင့် မတ်ပဲ(သဘော်တင်)များ အရောင်းအဝယ်အေးကာ ဈေးနှုန်းများလည်း ဆက်လက် မြင့်တက်ခဲ့သည်။ မတ်ပဲ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ် ဈေးနှုန်းမှာ ၃၃၈၀၀၀၀ ကျပ် ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၄၃၉၀၀၀ ကျပ်ဖြစ်သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက်ရှိခဲ့ပြီး ကုန်သေတ္တာ ၅၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့သည်။ အလားတူပင် ပဲစင်းငုံ(သဘော်တင်)မှာလည်း အိန္ဒိယပြည်တွင်း၌ လိုအပ်ချက်ရှိခြင်း၊ မြန်မာပြည်တွင်း၌လည်း ပဲဈေးများ မတည်ငြိမ်ခြင်း၊ ပြည်တွင်းလက်ကျန် နည်းခြင်း၊ ရောင်းလိုအားနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ ပဲစင်းငုံ(သဘော်တင်)တစ်တန်လျှင် ယခင်အပတ်ဈေးနှုန်းမှာ ၄၄၅၅၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၆၂၅၀၀၀ ကျပ် ဖြစ်သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်သေတ္တာ ၁၀ လုံးခန့်သာ အရောင်းအဝယ် ဖြစ်ခဲ့သည်။ ထို့အတူ ပဲတီရွှေဝါမှာလည်း အခြားသော ပြည်ပပို့ကုန်ပဲများနည်းတူ ဆက်လက်ဈေးမြင့်လာခဲ့သည်။ ပဲတီရွှေဝါ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၁၂၅၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ၂၁၇၅၀၀ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ထောပတ်ပဲ၊ ပဲလွမ်းဖြူ၊ ဘိုကိတ်ပဲများမှာ စိုက်ပျိုးထုတ်လုပ်မှု နည်း သော ပဲအမျိုးအစားများဖြစ်ခြင်း၊ ပဲအရည်အသွေးကောင်းခြင်း၊ ပဲလက်ကျန်နည်းလာခြင်းနှင့် ပြည်ပပို့ကုန်ပဲအများစု ဈေးမြင့်လာခြင်းတို့ကြောင့် ယခင်အပတ်ထက် ဆက်လက်ဈေးမြင့် လာခဲ့သည်။ ထောပတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၄၁၇၃၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ၄၂၇၈၀၀ကျပ်သို့လည်းကောင်း၊ ပဲလွမ်းဖြူ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၂၀၀၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်း မှာ၂၂၇၄၀၀ကျပ်သို့ လည်းကောင်း၊ ဘိုကိတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၃၅၀၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ၂၅၅၀၀၀ ကျပ်သို့လည်းကောင်း အသီးသီး ရောက်ရှိဈေးမြင့်ခဲ့သည်။ ပဲပုပ်ပဲမှာလည်း ပဲလက်ကျန်နည်းလာခြင်း၊ ဆီကြိတ်ရန် ဝယ်ယူမှုများလည်းရှိခြင်း၊ ကုန်အဝင်ရှိသလောက် အဝယ်သွက်ခြင်းတို့ကြောင့် ယခင်အပတ် ထက် ဆက်လက်ဈေးမြင့်ခဲ့သည်။ ပဲပုပ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်း မှာ ၂၁၉၉၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ၂၂၉၉၅၀ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ကုလားပဲမှာမူ ပဲအဝင်လှိုင်ခြင်း၊ ပဲခွဲစက်များမှ ဝယ်ယူမှုနည်းခြင်း၊ ပြည်တွင်းပြည်ပမှ ဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက်ဈေးနိမ့်လာခဲ့သည်။ ကုလားပဲတစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ၄၉၁၈ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၅၁၀ကျပ်သို့ရောက်ရှိ ဈေးနိမ့်ခဲ့သည်။

## စားသုံးဆီ

စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၄ ခုနှစ်၊ ဇွန် ၁၀ ရက်မှ ဇွန် ၁၆ ရက်အထိ ကာလအတွက် ထုတ်ပြန် ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၃၆၅ ကျပ်ဖြစ်ပြီး ယခင်အပတ်ဈေးနှုန်းမှာ ၅၃၄၅ ကျပ်ဖြစ်သည်။ ယခင် အပတ်ထက် တစ်ပိဿာ လျှင် ၂၀ ကျပ် ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက် များစွာမကွာသော ဈေးနှုန်းများဖြင့် စားအုန်းဆီများအား ရောင်းချပေးလျက်ရှိသည်။ မေလ၏ စတုတ္ထရက်သတ္တပတ်မှစ၍ စားအုန်း ဆီရည်ညွှန်းဈေးနှုန်းများ ဈေးမြင့်လာသကဲ့သို့ ပြင်ပဈေးကွက်တွင်လည်း ဆီဈေးနှုန်းများ သိသာစွာ ဈေးမြင့်လျက်ရှိပြီး နယ်ဈေးကွက်များတွင် ပိုမို ဈေးမြင့်လျက်ရှိသည်။

**အေးသန္တာဝင်း**

# အိန္ဒိယတွင် မီးဖိုချောင်သုံးစားသောက်ကုန်ဈေးနှုန်းများ ကြီးမြင့်မှု အိမ်အသုံးစရိတ်များအပေါ် သက်ရောက်

၂၀၂၃ ခုနှစ်တွင် မိုးနည်းပါးမှုကြောင့် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းစိုက်ပျိုးရေးထုတ်ကုန်များ ထွက်ရှိမှုကျဆင်းခဲ့သဖြင့် မီးဖိုချောင်သုံး ပဲမျိုးစုံ၊ ဂျုံနှင့် သကြားကဲ့သို့သော အဓိကစားသောက်ကုန်များ၏ ဈေးနှုန်းများ မေလတွင် ဆက်တိုက်မြင့်တက်ခဲ့ကြောင်း၊ နိုင်ငံတကာ ဈေးကွက်တွင်လည်း ကုလားပဲ၊မတ်ပဲနှင့် ပဲစင်းငုံများရရှိနိုင်မှု ကန့်သတ်ချက်များကြောင့် တင်သွင်းမှု နှောင့်နှေးပြီး ဈေးနှုန်းများကြီးမြင့်ခဲ့သကဲ့သို့ သကြားနှင့် ဂျုံဈေးနှုန်းမှာလည်း အရန်ထားမှု လျော့နည်းနေသဖြင့် ဈေးနှုန်းမှာအမြင့်တန်းတွင်ရှိနေကြောင်း သိရှိရသည်။

ပဲစင်းငုံသည် လွန်ခဲ့သည့်လများစွာကတည်းက လက်လီဈေးကွက်တွင် ၁ ကီလိုဂရမ်လျှင် ၂၀၀ ရူပီးဖြင့် ရောင်းချနေခဲ့ကြောင်း၊ ကုလားပဲ အဓိကထုတ်လုပ်သည့် Indore နှင့် Akola တို့တွင် ကုလားပဲခွဲခြမ်းဈေး ၁ ကီလိုဂရမ် လျှင် ၉၃ ရူပီး နှင့် ၈၆ ရူပီး အသီးသီးရှိသဖြင့် ကုလားပဲလက်လီဈေးနှုန်းမှာလည်း ၁ ကီလိုဂရမ်လျှင် ၁၀၀ ရူပီး အထက်တွင်ရှိကြောင်း သိရှိရသည်။

ကုလားပဲထွက်ရှိမှုကျဆင်းမည်ဟူသော ခန့်မှန်းချက်ကြောင့် လယ်သမားများနှင့် ကုန်သည်များက ဈေးမျှော်သိုလှောင်ထားသောကြောင့် ကုလားပဲဈေးနှုန်းများတက်သွား



ခြင်းဖြစ်သည်ဟု Maharashtra ပြည်နယ်မှ ကုန်သည်တစ်ဦးက ပြောကြားထားသည်။

အိန္ဒိယသည် မေလ ၇ ရက်နေ့တွင် ကုလားပဲတင်သွင်းမှုအပေါ် ကောက်ခံသည့် အခွန်ကို ဖယ်ရှားပြီး နောက်သြစတြေးလျနိုင်ငံမှ ကုလားပဲတန်ချိန် ၅၈,၀၀၀ ကို တင်သွင်းခဲ့ကြောင်း၊ ကုန်သွယ်မှုခန့်မှန်းချက်များအရ နိုင်ငံတကာဈေးကွက်တွင် ကုလားပဲရရှိနိုင်မှု နည်းပါးနေပြီး မိုးရာသီကုလားပဲမှန့်ဝယ်လိုအားမြင့်တက်နေသောကြောင့် စားသုံးသူများအနေဖြင့် ကုလားပဲဈေးနှုန်းကြီးမြင့်မှုမှ များစွာသက်သာရာ ရနိုင်ဖွယ်မရှိကြောင်း သိရှိရသည်။

Maharashtra ပြည်နယ်ရှိ သကြားစက်များတွင် ပြီးခဲ့သောတစ်လအတွင်း ဝယ်လိုအားမြင့်တက်ခဲ့သဖြင့် တစ် ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ၁၀၀ ရူပီး မြင့်တက်ခဲ့ပြီး 3600 ရူပီး ပတ်ဝန်းကျင်သို့ ရောက်ရှိခဲ့ကြောင်း၊ ပြင်းထန်သည့် အပူလှိုင်းအခြေအနေကြောင့် သကြားဝယ်လိုအား အားကောင်းနေကြောင်းနှင့် သကြားဈေးနှုန်းများ လာမည့်လများအတွင်း တည်ငြိမ်နေမည်ဟု မျှော်လင့်ကြောင်း Maharashtra မှ သကြားပွဲစား Abhijit Ghorpade ကပြောကြားထားသည်။

ဂျုံဈေးသည် လွန်ခဲ့သော 15 ရက် 20 ရက်အတွင်း 4 % မှ 5% အထိ မြင့်တက်ခဲ့ကြောင်း၊ ယင်းကြောင့် ဒေဝါလီပွဲတော်ပြီးနောက် ဂျုံထွက်ရှိမှုနည်းပါးသည့်အချိန်တွင် ဈေးကွက်အတွင်း ဂျုံပြတ်လပ်မှုမှ ကာကွယ်ရန်အတွက် ပြည်ပမှ ဂျုံတင်သွင်းခွင့်ပြုရန် စားသောက်ကုန်လုပ်ငန်းများမှ တောင်းဆိုထားကြောင်း သိရှိရသည်။

**မျိုးမြင့်မောင်**

Pricier kitchen staples upset home budgets, The Economic Times,

---

စာ-၉ မှ

အလားတူ ဗီတာမင် B-12 ပမာဏနည်းပါးခြင်းသည် စိတ်ကျရောဂါ၊အယ်လ်ဇိုင်းမားရောဂါနှင့် ပါကင်ဆန်ရောဂါတို့ နှင့် ဆက်စပ် နေကြောင်း လေ့လာမှုများက ဖော်ပြသည်။ သို့သော် အချို့သော လေ့လာမှုများအရ ဗီတာမင် B-12 ဖြည့်စွက်ခြင်းသည် Dementia ဖြစ်နိုင်ခြေကို ၂၀% လျှော့ချနိုင်ပြီး သက်ကြီးရွယ်အိုများတွင် ဦးနှောက်လုပ်ဆောင်ချက်ကို ကောင်းမွန်စေကြောင်း တွေ့ရှိရသည်။

ထို့ပြင် ကျောက်ပုစွန်တွင်ပါဝင်သော Selenium ဓာတ်သည် စိတ်ဓာတ်ကျခြင်းကို သက်သာပျောက်ကင်းအောင် ကူညီပေးနိုင်ပါသည်။ ထို့ကြောင့် စိတ်ဓာတ်ကျနေချိန်တွင် ကျောက်ပုစွန်ကို စားပေးပါ။ထိုသာမက ကျောက်ပုစွန်တွင်ပါဝင်သော အာဟာရဓာတ်တချို့သည် ဆီးချိုရောဂါမဖြစ်ပွားအောင်လည်းကူညီပေးနိုင်ပါသည်။

ထို့ကြောင့် သင့်အစားအစာတွင် ကျောက်ပုစွန်ထည့်ခြင်းသည် သင့်ဦးနှောက်နှင့်စိတ်ကျန်းမာရေးအတွက် အကျိုးပြုစေနိုင်သည်။

၄။ကြွက်သားများကိုသန်မာစေခြင်း

ကျောက်ပုစွန်သည် နွားနို့၊ကြက်ဥတို့ကဲ့သို့ ပရိုတင်းဓာတ်ကြွယ်ဝပြီး ပရိုတင်းဓာတ်အကြွယ်ဝဆုံး အစားအစာများတွင် ပါဝင်ပါသည်။ကြွက်သားများဖွံ့ဖြိုးသန်မာစေရန်အတွက် ပရိုတင်းဓာတ်လိုအပ်ပါသည်။ ကျောက်ပုစွန်တွင် ပရိုတင်းဓာတ်မြောက်များစွာ ပါဝင်သောကြောင့် ကြွက်သားများ သန်မာဖွံ့ဖြိုးစေရန်အတွက် ကူညီပေး မည် ဖြစ်သည်။

၅။အရိုးအဆစ်များ သန်မာကြံ့ခိုင်အောင် ကူညီပေးခြင်း

အရိုးအဆစ်များ သန်မာစေရန်အတွက် အလိုအပ်ဆုံးဓာတ်သည် ကယ်လ်စီယမ်ဓာတ်ပင် ဖြစ်သည်။ ထို ကယ်လ်စီယမ်ဓာတ်ကို ကျောက်ပုစွန်ထံမှ ရရှိနိုင်ပါသည်။

၆။သိုင်းရွိုက်ရောဂါရှိသူများအတွက် အကျိုးပြုခြင်း

ကျောက်ပုစွန်တွင် Selenium နှင့် Iodine ပါဝင်မှု မြင့်မားပါသည်။ထိုကဲ့သို့ Selenium နှင့် Iodine ပါဝင်မှုမြင့်မားခြင်းသည် Hashimoto's thyroiditis ကဲ့သို့သော အော်တိုခုခံအား သိုင်းရွိုက်အခြေအနေရှိသူများအတွက် အကျိုးပြုနိုင်ပါသည်။

## ကျောက်ပုစွန်နှင့် ကိုလက်စထရော

အခွံမာရေသတ္တဝါ(Crustaceans) များကို ကိုလက်စထရောများသော အစားအစာများအဖြစ် ထင်မြင်ကြပါသည်။ သို့သော် ၄င်းတို့တွင် အာဟာရတန်ဖိုးလည်း မြင့်မားသည်။အခွံမာရေသတ္တဝါများတွင် ကျောက်ပုစွန်သည် ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝသည်။ ပြည့်ဝဆီလည်းအနည်းငယ်သာပါဝင်သည်။ သို့သော်အခြားအခွံမာရေသတ္တဝါ (Crustaceans)များထက် ကျောက်ပုစွန်တွင် အဆီပါဝင်မှုသည် ကျန် crustaceans များ ထက် သိသိသာသာမြင့်မားပြီး ကယ်လိုရီ ပါဝင်မှုလည်းပိုများကြောင်း သိရသည်။

ကျောက်ပုစွန်များတွင် ကိုလက်စထရော ပါဝင်မှု အတော်လေး မြင့်မားသည်။ကျောက်ပုစွန် ၁၀၀ ဂရမ်လျှင် ၉၅ မီလီဂရမ်ခန့်သည် နှလုံးသွေးကြောဆိုင်ရာရောဂါများကို ဖြစ်ပေါ်စေသည်။

ချက်ပြုတ်ပြီး ကျောက်ပုစွန်အသား ၃အောင်စ(Ounces)တွင် အာဟာရတန်ဖိုးအနေဖြင့်-

- ကယ်လိုရီ(Calories) : 76
- ကာဘိုဟိုက်ဒြိတ်: 0 g
- အမျှင်ဓာတ်(Fiber): 0 g
- သကြားဓာတ်(Sugar): 0 g
- အသားဓာတ်(Protein): 16 g
- စုစုပေါင်း အဆီဓာတ်: 0.7 g
- ပြည့်ဝဆီ(Saturated fat): 0.2 g
- ဆိုဒီယမ်(Sodium): 413 mg
- ကိုလက်စထရော-124 mg စသည်တို့ ပါဝင်သည်။

သတိပြုရန်အနေဖြင့် ကျောက်ပုစွန်ကို အစိမ်းစားခြင်း(သို့မဟုတ်) မကျက်သေးသော ကျောက်ပုစွန်များကို စားမိလျှင် အစာအဆိပ်သင့်နိုင်ခြေပိုများပါသည်။ လက္ခဏာများမှာ ဝမ်းလျှောခြင်း၊ ပျို့အန်ခြင်း၊ အော့အန်ခြင်း၊ဖျားခြင်း၊ ဗိုက်အောင့်ခြင်းနှင့် ခေါင်းကိုက်ခြင်းတို့ ပါဝင်သည်။ ထို့ကြောင့် မကျက်သေးသော ကျောက်ပုစွန်များကို ရှောင်ရှားပြီး လတ်ဆတ်ပြီး အပြည့်အဝချက်ပြုတ်ထား သော ကျောက်ပုစွန်များကိုသာ စားသင့်သည်။

ထို့ပြင် ပင်လယ်စာနှင့် ဓာတ်မတည့်သူများ အနေဖြင့်လည်း ကျောက်ပုစွန်ကို ချင့်ချိန်စားသင့်ပါသည်။ကျောက်ပုစွန်နှင့် ဓာတ်မတည့်ခြင်းလက္ခဏာများသည် အပျော့စားမှပြင်းထန်နိုင်ပါသည်။ အပျော့စားလက္ခဏာသည် အလက်ဂျစ်ဖြစ်တာမျိုး ရှိတတ်သည်။ ပြင်းထန်သော အခြေအနေများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားနိုင်သည်။၄င်းသည် အသက်အန္တရာယ်ရှိသော ဓာတ်မတည့်မှုဖြစ်ပြီး အသက်ရှူလမ်းကြောင်းများကို ကျဉ်းမြောင်းစေသည်။

နောက်တစ်ချက်မှာ ရေထုညစ်ညမ်းမှုကြောင့် ကျောက်ပုစွန်များနှင့် အခြားသော ခရုခွံများကို ပြဒါး၊ခဲ၊ကက်မီယမ်နှင့် အာဆင်းနစ်ကဲ့သို့သော လေးလံသော သတ္တုများဖြင့် ညစ်ညမ်းစေနိုင်သည်။၄င်းသည် ဦးနှောက်နှင့် ကျောက်ကပ်ပျက်စီးခြင်း၊နှလုံးမူမမှန်ခြင်းတို့ကို ဖြစ်စေနိုင်ပြီး မွေးကင်းစကလေးများ၏ ဦးနှောက်ကို ထိခိုက်နိုင်သည်။

သို့သော်လည်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ကျောက်ပုစွန်များကို ပြဒါးဓာတ်နည်းသော ပင်လယ်စာအဖြစ် အမျိုးအစား ခွဲခြားထားပြီး တစ်ပတ်လျှင် ကျောက်ပုစွန် ၂ ကောင်မှ ၃ ကောင်အထိ စားသုံးရန် ဘေးကင်းကြောင်း အကြံပြုထားသည်။

သို့သော်လည်း ကိုယ်ဝန်ဆောင် (သို့မဟုတ်) နို့တိုက်နေသူများနှင့် ကလေးများသည် လေးလံသော သတ္တုများ၏ အာနိသင်ကို ပိုမိုထိခိုက်လွယ် နိုင်သဖြင့် ရှောင်နိုင်လျှင် ပိုကောင်းပါသည်။

အချုပ်အားဖြင့် ဆိုရသော်-အခွံမာကျောက်ပုစွန်သည် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရရှိနိုင်သောရေသတ္တဝါဖြစ်ပြီး ဘက်စုံအသုံးဝင်လှပါသည်။ ထို့ပြင် ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပပို့ကုန်အဖြစ်လည်းဈေးကွက်တွင် နေရာရရှိနေသဖြင့်နှစ်စဥ်နိုင်ငံခြားဝင်ငွေရရှိနေသော ရေထွက်ကုန်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။ **ပင်လယ်ပြာ(ငါးဦးစီး)**




# တာဖောင်းခါး

ကြေးမုံငယ်

တာဖောင်းခါးဟုဆိုလျှင် အညာဒေသ၏ အထင်ကရ သဘာဝ ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်၏။ တဖောင်းခါး၏ အင်္ဂလိပ်အမည်မှာ edible catus, caralluma ဟု ခေါ်ဆိုပြီး ရုက္ခဗေဒအမည်မှာ Caralluma fimbriata Wall. ဟု ခေါ်သကဲ့သို့ Caralluma adscendens (Roxb.) R.Br. ဟုလည်း ခေါ်ဆိုကာ မျိုးရင်း Apocynaceae တွင်ပါဝင်၏။ တဖောင်းခါးပင်ကို အိန္ဒိယ၊ သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့မှ စတင်ဖြစ်ထွန်းသည် ဆို၏။ အထူးသဖြင့် ခြောက်သွေ့သည့် အပူပိုင်းဒေသများတွင် ဖြစ်ထွန်းပြီး အလွန်ပွားလွယ်သော အပင်မျိုးဖြစ်၏။

တစောင်းခါးပင်သည် ကိုင်းဖြာပြီးထောင်မတ်သော ပင်စည်ရိုးပျော့အပင်မျိုးဖြစ်ပြီး အမြင့် ၁ ပေခန့်အထိ ရှင်သန်ကြီးထွားနိုင်၏။ တစောင်းခါးပင်စည်မှာ အစိမ်းရောင်ဖြစ်ပြီး အရွက်ကင်းမဲ့သော၊ လေးထောင့်ပုံစံရှိသော၊ အသားထူပြီး အရည်ရွှမ်းသော၊ ထိပ်ပိုင်းတွင် ချွန်ပြီးသွယ်လျသော အပင်မျိုးဖြစ်၏။ အရွက်လေးများမှာ အလွန် သေးငယ်ပြီး ကိုင်းနုလေးများတွင်သာထွက်ပေါ်လာပြီးနောက် အချိန်တိုအတွင်း ကြွေလွယ်တတ်၏။ အကိုင်းအခက်များ၏ ထိပ်ပိုင်းတွင် ပန်းရိုးတံထွက်ပြီး ယင်းအပေါ်တွင် ပန်းပွင့်လေးများ တစ်ပွင့်တည်း သို့မဟုတ် ၂ ပွင့် ၃ ပွင့်ခန့် တစ်စုတည်းပွင့်တတ်ကြ၏။ ပန်းပွင့်လေးများသည် အရွယ်အစား သေးငယ်ကြ၏။ ပွင့်ဖတ်အနားများတွင် ထင်ရှား သော ရှည်လျားသည့် ပန်းခရမ်းရောင် အမွေးလေးများ ရှိ၏။

တဖောင်းခါးပင်ကို အိန္ဒိယနိုင်ငံ ကျွန်းဆွယ်ဒေသများတွင် အများဆုံးတွေ့ကြရ၏။ လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်း များစွာကတည်းက တဖောင်းခါးပင်ကို အာဟာရအတွက် ဟင်းသီးဟင်းရွက်အဖြစ် စားသုံးခဲ့ကြရုံမျှမက ဆေးဖက်ဝင် ပရဆေးပင်အဖြစ်လည်း အသုံးပြုခဲ့ကြ၏။ တဖောင်းခါးတွင် အစာစားလိုစိတ်ကို ထိန်းချုပ်နိုင်ခြင်း၊ ကိုယ်အလေးချိန်ကို ကျစေခြင်း၊ သက်လုံအားကို ကောင်းစေခြင်း၊ ကိုယ်တွင်းစွမ်းအင်ကို တိုးစေခြင်း၊ ရေငတ်ပြေစေနိုင်ခြင်း၊ အဆာခံ နိုင်ခြင်း အစရှိသည့်အကျိုးကျေးဇူးကောင်းများရှိ၏။ ထိုအကျိုးကျေးဇူးကောင်းများကြောင့် ရှေးယခင်ကတည်းကပင် အိန္ဒိယနိုင်ငံသားအချို့က ခရီးရှည်ထွက်သည့်အခါ တဖောင်းခါးကို အလွယ်တကူ ယူဆောင်သွားပြီး အစာအဖြစ် စားသုံးလေ့ရှိကြ၏။ အိန္ဒိယရှိ တိုင်းရင်းသားလူမျိုးအချို့ကမူ တဖောင်းခါးကို ငတ်မွတ်ခေါင်းပါးမှုမှ ကင်းစေနိုင်သည့် အစာအဖြစ် သတ်မှတ်စားသုံးကြ၏။

- တဖောင်းခါးတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်ခြင်းကြောင့် အစာခြေစနစ်၏ကျန်းမာခြင်းစေရန် အထောက် အကူပြု၏။ အူလမ်းကြောင်းမှ အာဟာရဓာတ်များ စုပ်ယူနိုင်စွမ်းကိုလည်း အားကောင်းစေ၏။
- တဖောင်းခါးတွင် ပါဝင်သည့် Pregnane glycosides ကွန်ပေါင်းသည် အစာစားလိုစိတ်ကို လျော့ကျစေနိုင်ပြီး အဆာခံနိုင်စွမ်းရှိသည့်အတွက် ကိုယ်အလေးချိန်လျော့ကျလိုသူများအတွက် အလွန်သင့်လျော်လှ၏။ ကြွက်သား ကျန်းမာရေးကိုလည်း အထောက်အကူဖြစ်စေ၏။
- ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သည့် ဖလေဗွန်ဂလိုင်ကိုဆိုက်၊ ပိုလီဖီနောလ်နှင့် ဖလေဗာနွိုက်တို့ပါဝင်သည့် တဖောင်းခါးသည် ခန္ဓာကိုယ်အတွင်း ဓာတ်တိုးခြင်းကို ဆန့်ကျင်နိုင်ပြီး နာတာရှည်ရောဂါများ ဖြစ်သည့် သွေးတိုးရောဂါ၊ နှလုံးနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ ဆီးချိုရောဂါ၊ လေဖြတ်ခြင်း အစရှိသည်တို့မှ ကာကွယ်ပေးနိုင်သည့် အပြင် အသား အရေကျန်းမာရေးကို ကောင်းမွန်စေနိုင်စွမ်းရှိ၏။
- တဖောင်းခါးတွင် ပါဝင်သည့် Megastigmane glycosides မီဂါစတစ်မိန်း ဂလိုင်ကိုဆိုက်ဓာတ်သည် ကိုယ်တွင်းအင်္ဂါများနှင့် ကိုယ်လက်ရောင်ရမ်းနာကျင်ခြင်းတို့ကို ဆန့်ကျင်နိုင်စွမ်းရှိ၏။
- Saponins ဆာပိုနင်ဓာတ် ကြွယ်ဝစွာပါဝင်သည့် တဖောင်းခါးသည် ကိုယ်ခံစွမ်းအားစနစ်ကို မြှင့်တင်နိုင်စွမ်းရှိပြီး သက်လုံအားကောင်းစေရန် အထောက်အကူပြု၏။
- Bitter principles ဓာတ်ကြောင့် အစာခြေစနစ်နှင့် ပန်ကရိယကို ကျန်းမာစေရန် ကာကွယ်ပေးနိုင်စွမ်းရှိ၏။
- အဝလွန်ခြင်းသည် ကမ္ဘာပေါ်တွင် ကြုံတွေ့နေရသည့် အဓိကကျန်းမာရေး ပြဿနာတစ်ရပ်ဖြစ်၏။ အဝလွန်သူ များအနေဖြင့် တဖောင်းခါးကို စားသုံးခြင်းဖြင့် အဆီကျအသားကျစ်ကာ ပိန်စေနိုင်၏။

မြန်မာ့တိုင်းရင်းဆေးအလိုအရ တဖောင်းခါးသည် လေပူကို ဖျက်ပေးနိုင်စွမ်းသည့်သဘာဝရှိသည့် အတွက် လေပူထတတ်သူများ၊ လေ ချုပ်သူများအနေဖြင့် ဆေးအဖြစ် မှီဝဲစားသုံးနိုင်၏။ အချို့ကလည်း တဖောင်းခါးကို ပိန်ဆေး၊ အဆီကျဆေးအနေဖြင့် စားသုံးတတ်ကြ၏။ လိပ်ခေါင်းရောဂါရှိသူများအတွက်လည်း ဆေးအဖြစ် မှီဝဲနိုင်၏။

တဖောင်းခါးကို ဝယ်ယူပြီးသည့်အခါ ချက်ပြုတ်ခြင်းမပြုမီ တဖောင်းခါးပင်၏ အမြစ်တွင် သဲနှင့်ရွှံ့များ ပါလာတတ်သည့် အတွက် စားသုံးခြင်းမပြုမီ ရေဖြင့် စနစ်တကျ စင်ကြယ်အောင် ဆေးကြောသင့်၏။

- သန့်စင်ဆေးကြောပြီးသား တဖောင်းခါးလေးများကို အစိမ်းအတိုင်းဖြစ်စေ၊ ရေနွေးဖျောပြီးဖြစ်စေ ငါးပိရည်ကျို၊ ငါးပိထောင်း၊ ငါးပိသုပ်၊ ငံပြာရည်ချက်၊ ခရမ်းချဉ်သီးထောင်း၊ သရက်သီးထောင်း၊ ရေတ်သီးထောင်း အစရှိသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြင့် စားသုံးတတ်ကြ၏။ ဖန်ခါးသက်အရသာမို့ တစ်မျိုးလေး စားမြိန်စေ၏။
- တဖောင်းခါးကိုင်းလေးများကို တစ်ခုချင်းစီ ခေါးပြားရိုက်ကာ ဆားရေထဲတွင် စိမ်၊ ရေဖြင့် ၃ ကြိမ်ခန့် ဆေးကြော ပြီး ရေစစ်အောင် ညှစ်ထားပါ။ ပြီးလျှင် ဇလုံတစ်လုံးထဲတွင် ပါးပါးလှီးပြီး ပါးပါးလှီးထားသော ကြက်သွန်နီ၊ မထူမပါးလှီးထားသော ခရမ်းချဉ်သီး၊ ဆား၊ ငံပြာရည်၊ ဟင်းခပ်မှုန့်အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကျက်မှုန့်၊ မြေပဲဆံထောင်း၊ ကြက်သွန်နီဆီချက်၊ ရေတ်သီးစိမ်း ပါးပါးလှီး၊ သံပရာရည်ညှစ်ပြီး သမအောင် ရောနယ်ပေးပါ။ အနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်လှသည့် ရာသီစာ တဖောင်းခါးသုပ်လေး ရပါပြီ။ ရေနွေးကြမ်းပူပူလေးနှင့် တွဲဖက်ကာ နေ့လယ်ခင်း အဆာပြေစာဖြစ်သကဲ့သို့ မိသားစု ထမင်းဝိုင်း

စာ-၁၅ သို့



စာ-၁၀ မှ

(က-၆) အပင်စိုက်ပျိုးထုတ်လုပ်ခြင်း စနစ်များ (Plant Production System) အုပ်စု အောက်တွင် သီးနှံနှင့်ပေါင်း ဂေဟဗေဒ (Crop and Weed Ecology)၊ စိုက်ပျိုး သီးနှံဇီဝကမ္မဗေဒ (Crop Physiology)၊ စိုက်ပျိုး နည်းစနစ်ဆိုင်ရာဂေဟဗေဒ (Farming Systems Ecology)၊ ဥယျာဉ်ခြံသီးနှံ ထုတ်လုပ်မှုဇီဝကမ္မဗေဒ (Horticulture production Physiology)၊ အပင်စိုက်ပျိုး ထုတ်လုပ်ခြင်း (Plant Production) စသည်တို့ရှိ ပါသည်။

(ခ) **စိုက်ပျိုးနည်းပညာနှင့် အစားအ သောက်သိပ္ပံ (Agro-technology and Food Sciences)** အုပ်စု အောက်တွင် ဘာသာရပ် အစုအဝေး (Cluster/Group) (၄) ခုရှိပါသည်။

(ခ-၁) ဇီဝအခြေခံသိပ္ပံ (Bio-based Sciences) များအောက်တွင် ဇီဝအခြေခံဓာတုဗေဒနှင့်နည်း ပညာအဖွဲ့ (Bio-based Chemistry and Techno-logy) (ဂျပန်နိုင်ငံတွင်တော့ Laboratory ဟုခေါ်ပါသည်၊ နောင်ဆောင်းပါးများတွင် ဆွေးနွေး ပါမည်)၊ ဇီဝပြန်ဖြည့် မျိုးစွမ်းအင်နည်းပညာ (Biological Recovery and Re-Use Technology)၊ ပတ်ဝန်းကျင်နည်းပညာ (Environmental Technology) နှင့် ဇီဝ လုပ်ငန်းစဉ်အင်ဂျင်နီယာ ပညာ (Bioprocess Engineering) တို့ဖြစ်ပါသည်။

(ခ-၂) ဇီဝမော်လီကျူးသိပ္ပံ (Bio-based Sciences) များ အောက်တွင် ဇီဝဓာတုဗေဒ (Biochemistry)၊ ဇီဝနာနို နည်းပညာ (Bio-Nano Technology)၊ ဇီဝရူပဗေဒ (Biophysics)၊ အဏုဇီဝဗေဒ (Microbiology)၊ ဩဂဲနစ် ဓာတုဗေဒ (Organic Chemistry)၊ အဆိပ်ဗေဒ (Toxicology) စသည်တို့ ဖြစ် ပါသည်။

(ခ-၃) အစားအသောက်သိပ္ပံပညာ (Food Sciences) များ အောက်တွင် အစားအစာ ဆိုင်ရာဓာတုဗေဒ (Food Chemistry)၊ အစားအစာ ဆိုင်ရာ အဏုဇီဝဗေဒ (Food Microbiology)၊ အစားအစာ ထုတ်လုပ်မှု အင်ဂျင်နီယာ ပညာ (Food Process Engineering)၊ အစားအစာ အရည်အသွေးနှင့် ဒီဇိုင်းပုံစံ (Food Quality and Design)၊ အစားအစာဆိုင်ရာ ရူပနှင့် သက်မဲ့ ဓာတုဗေဒ (Physics and Physical Chemistry of Foods) တို့ဖြစ်ပါသည်။

(ခ-၄) အာဟာရဓာတ်ဆိုင်ရာ သိပ္ပံပညာ (Nutrition Sciences) များအောက်တွင် အာဟာရဓာတ်နှင့်ဖြစ်ပွားနိုင် သောရောဂါများ (Nutrition and Diseases)၊ တစ်ကမ္ဘာ လုံးဆိုင်ရာ အာဟာရဓာတ် အကြောင်း (Global Nutrition)၊ အာဟာရဓာတ်၊ ဇီဝတွင်းဖြစ်ပျက်မှုနှင့် ဗီဇဆဲလ် များ (Nutrition, Metabolism and Genomics)၊ အာဟာရ ဆိုင်ရာ ဇီဝဗေဒနှင့် ကျန်းမာရေး (Nutritional Biology and Health) စသည် တို့ဖြစ်ပါသည်။

(ဂ) လူမှုရေးသိပ္ပံများ (Social Sciences)အုပ်စုအောက်တွင်ဘာ သာရပ်အစုအဝေး (Cluster/Group) (၅) ခုရှိပါသည်။

(ဂ-၁) ကူးသန်းရောင်းဝယ်ရေးသိပ္ပံ (Business Sciences) များ အောက်တွင် ကူးသန်းရောင်း ဝယ်ရေးဆိုင်ရာစီးပွားရေး ပညာ (Business Economics) အဖွဲ့၊ စီးပွားရေး ဆိုင်ရာစီမံအုပ်ချုပ်မှုနှင့် ဖွဲ့စည်းပုံများ (Business Management and Organization)၊ ပညာ ရေးနှင့် သင်ယူရေးဆိုင်ရာ သိပ္ပံများ (Education and Learning Sciences)၊ ဆက်သွယ်ရေး ဆိုင်ရာ နည်းပညာ (Information Technology)၊ ဈေးကွက်နှင့်စားသုံးသူ အလေ့ အထများ (Marketing and Consumer Behaviors)၊ နှင့် စီးပွားရေး လုပ်ငန်းဆိုင်ရာသု တေသနနှင့် ထောက်ပံ့ပို့ ဆောင်ရေး (Operations Research and Logistics) စသည်တို့ပါဝင်ပါသည်။

(ဂ-၂) ဆက်သွယ်ရေး၊ ဒဿနိက ဗေဒနှင့် နည်းပညာ အဖွဲ့ (Communication, Philosophy and Technology) များအောက် တွင် ဗဟုသုတ၊ နည်းပညာနှင့် တီထွင်မှု (Knowledge, Technology and Innovation) အဖွဲ့၊ ဒဿနိကဗေဒ (Philosophy)၊ မဟာဗျူဟာဆိုင်ရာ ဆက် သွယ်ရေး (Strategic Communication) တို့ပါဝင် ပါသည်။

(ဂ-၃) စီးပွားရေးပညာအဖွဲ့ (Economics) များအောက် တွင် စိုက်ပျိုးစီးပွားရေး နှင့် ကျေးလက်မူဝါဒ (Agricultural Economics and Rural Policy) အဖွဲ့၊ ဖွံ့ဖြိုးမှုဆိုင်ရာ စီးပွားရေးပညာ (Development Economics)၊ ပတ်ဝန်းကျင်ဆိုင်ရာ စီးပွားရေးနှင့် သဘာဝ အရင်းအမြစ်များ (Environmental Economics and Natural Resources)၊ ကျေးလက်နှင့် ပတ်ဝန်းကျင် ပညာ သမိုင်းကိုလေ့လာခြင်း ပညာ (Rural and Environmental History) နှင့် မြို့ပြ စီးပွားရေးပညာ (Urban Economics) တို့ဖြစ်ပါသည်။

(ဂ-၄) အစုအဖွဲ့၊ နေရာ၊ အသင်းအဖွဲ့ (Space, Place and Society) များအောက်တွင် စားသုံးမှုနှင့် ကျန်းမာစွာနေထိုင်စား သောက်ပုံ (Consumptions and Healthy Lifestyles) အဖွဲ့၊ ကျန်းမာရေးနှင့် လူ့အဖွဲ့အစည်း (Health and Society) အဖွဲ့၊ ကျေးလက် ဒေသ လူမှုရေးပညာ (Rural Sociology) နှင့် လူမှုဗေဒနှင့် ဖွံ့ဖြိုးတိုးတက်မှု ပြောင်းလဲ ခြင်း (Sociology of Development and Changes) တို့ပါဝင်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

စာ-၁၄ မှ

အတွက် အရန်ဟင်းပွဲ နှုတ်မြိန် စာအဖြစ်လည်း ဟင်းတစ်မယ် တိုးစေ၏။

- သန့်စင်ပြီးသား တဖောင်းခါး ကိုင်းလေးများကို အနေတော် လေးဖြတ်ပြီး တစ်ခုချင်းစီ ဓား ပြားရိုက်ပြီး ဆားနယ်၊ ရေဖြင့် ၃ ကြိမ်ခန့် ဆေးကြောပြီး ရေစစ်အောင် ညှစ်ထားပါ။ ပြီး လျှင် ကြက်သွန်ဖြူနီထောင်း ကို ဆီပူသတ်ပြီး မွှေးလာလျှင် ငပိစိမ်းစားအနည်းငယ်ထည့်၊ ခရမ်းချဉ်သီးထည့်၊ ပုစွန်/ပုစွန် ခြောက် / ငါး လေး ခြောက် နှစ်သက်ရာထည့်ပြီး ဆီသတ်၊ ပြီးလျှင် တဖောင်းခါးလေးတွေ ထည့်ပြီးဆားအနည်းငယ်ထည့် ပြီးကြော်စားနိုင်၏။ အရသာ က ဖန်ခါးသက်လေးနှင့် အလွန် ထမင်းမြိန်စေ၏။
- တဖောင်းခါးကို အချို့ကလည်း ရာသီပေါ် ဟင်းသီးဟင်းရွက် များဖြစ်သည့် မျှစ်၊ ဇရစ်ရိုးတို့ နှင့်အတူ တွဲဖက်ပြီး ကြော်စား၊ ချက်စားကြ၏။
- အိန္ဒိယနိုင်ငံ၏ ကျေးလက်ဒေသ



များတွင် တဖောင်းခါးပင်ကို ဟင်းသီးဟင်းရွက်အဖြစ် အစိမ်းအတိုင်းသော်လည်း ကောင်း၊ ဟင်းခတ်အမွှေးအ ကြိုင်များခပ်ကာ သနပ်၊ ချက် တနီးတို့ပြုလုပ်ကာ စားသုံးခဲ့ ကြ၏။

တဖောင်းခါးပင်များကို လမ်း ဘေးဝဲယာတစ်ဖက်တစ်ချက်တွင် တွေ့ရသကဲ့သို့ ခြံစည်းရိုးများတွင် လည်း အကာအရံအဖြစ် တွေ့ရ တတ်၏။

ရာသီချိန်ခါနှင့်အညီ သဘာဝ တရားမှပေးသည့် လက်ဆောင်မွန် တစောင်းခါးပင်မှ ရရှိသည့် အစိတ် အပိုင်းများကို အမြတ်တနိုးတန်ဖိုး ထားပြီး ဒေသအလိုက် မတူညီကွဲ ပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျ စရိတ် သက်သာစေပြီး ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိ နိုင်မည်ဖြစ်၏။

ကြေးမုံငယ်

# အခြားနည်း သုံးစွဲခွင့်ရတာနဲ့ မြေပိုင်ရှင်ဖြစ်ပြီလား



ကိုကိုဦး

"အခြားနည်း" ဆိုတဲ့ ဝေါဟာရကတော့ မြေယာလောကမှာရေပန်းစားနေတဲ့ စကားရပ် တစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။ ဒီစကားရပ်ရဲ့ အဓိပ္ပါယ်ကို တိတိကျကျမသိကြသော်လည်း တစ်ဦးချင်း ဖြစ်စေ၊ အစုအဖွဲ့နဲ့ဖြစ်စေ၊ နေထိုင်ရေးအတွက်သော်လည်းကောင်း၊ စီးပွားရေးလုပ်ကိုင်ရန်အတွက်သော်လည်းကောင်း အဆောက်အဦတစ်ခုတည်ဆောက်နိုင်ဘို့အတွက် အခြားနည်းအသုံးပြုခွင့် လိုတယ်ဆိုတာ လူတော်တော်များများသဘောပေါက်ထားကြပါတယ်။ ယခင်တုံးကဆိုရင် လ/န -၃၉ ဆိုတဲ့ အသုံးနှုန်းနဲ့ လူသိများခဲ့ကြပါတယ်။

အခြားနည်းအသုံးပြုခွင့်ဆိုတာကတော့ လယ်ယာမြေများဖြစ်စေ၊ မြေလွတ်၊ မြေရိုင်းမှ ဖြစ်စေ၊ အခြားစားကျက်မြေ၊ သစ်တောမြေစတဲ့ ဘယ်မြေမျိုးမဆို အခြားနည်းသုံးစွဲခွင့် ခွင့်ပြုချက် ရရှိအောင် သတ်မှတ်တဲ့ နည်းလမ်းအတိုင်းတောင်းခံဆောင်ရွက်ရမဲ့အနေအထားဘဲ ဖြစ်ပါတယ်။

ဒီလိုခွင့်ပြုချက်တင်ပြတောင်းခံခြင်းမရှိဘဲ ကိုယ်ထင်ရာကိုယ်လုပ်ပြီး အဆောက်အဦ ဆောက်တာ၊ မြေဖို့တာ၊ ခြံစည်းရိုးကာတာတွေ လျှောက်လုပ်ရင်တော့ ကျူးလွန်သူအဖြစ် သတ်မှတ်ခံရမှာဖြစ်ပါတယ်။ ဒီလိုသတ်မှတ်ခံရပြီးတာနဲ့ တဆက်တည်း မိမိလုပ်တဲ့မြေမျိုးပေါ် မူတည်ကာ သက်ဆိုင်ရာဥပဒေအရ အရေးယူခံရနိုင်ပါတယ်။ ဒီလိုအရေးယူခံရလို့ စီမံခန့်ခွဲရေး နည်းလမ်းအရ ချမှတ်တဲ့ ပြစ်ဒဏ်ကို မလိုက်နာ လို့ရှိရင် တရားစွဲဆိုခြင်း ခံရနိုင်ပြီး ငွေဒဏ် ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်နဲ့ ထောင်ဒဏ် ၂ ရပ်စလုံး ဖြစ်စေ ချမှတ်ခြင်း ခံရနိုင် ပါတယ်။


မန္တလေး
ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဒီနေရာမှာ "ကျူးလွန်သူ" ဆိုတဲ့ စကားရပ်ရဲ့ အဓိပ္ပါယ်ကို အများနားလည်လွယ်အောင် ရှင်းပြရမယ်ဆိုရင် "မြေရာ" တစ်ရပ်ကို အသုံးပြုရာမှာ ဥပဒေအရ သတ်မှတ်ပေးအပ်ထားတဲ့ အခွင့်အရေးထက် ကျော်လွန်ပြီး အသုံးပြုတဲ့သူလို့ပြောရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် လယ်ယာမြေဆိုရင် စိုက်ပျိုးလုပ်ကိုင်ဘို့ဘဲ လယ်ယာမြေဥပဒေအရ ခွင့်ပြုထားခြင်းရှိပါတယ်။ အလားတူဘဲ စားကျက်မြေဆိုရင် တိရစ္ဆာန်များအစာစားဘို့ လွတ်ကျောင်းဘို့ဖြစ်ပါမယ်။ ဒီမြေပေါ်မှာ ဝင်ရောက်ပြီး ခြံခတ်တာ၊ အဆောက်အဦဆောက်တာ ဝင်လုပ်ရင် ကျူးလွန် ဆောင်ရွက် တာဘဲ ဖြစ်ပါတယ်။

ဒါကြောင့် ကာယကံရှင်၊ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအနေနဲ့ မိမိတို့ရဲ့ လိုအပ်ချက် လိုအင်ဆန္ဒအပေါ်မူတည်ပြီး လက်ဝယ်ရရှိထားတဲ့မြေတွေ၊ လက်ဝယ်ရရှိဘို့ မျှော်မှန်းထားတဲ့ မြေတွေပေါ်မှအဆောက်အဦစတဲ့ မူလခွင့်ပြုစည်းမျဉ်း၊ စည်းကမ်းမှာမပါတဲ့ လုပ်ငန်းကို တည်ဆောက်လုပ်ကိုင်လိုတယ်ဆိုရင် ပထမဦးဆုံး အခြားနည်းသုံးစွဲခွင့်ရရှိရေး သက် ဆိုင်ရာဥပဒေနည်းဥပဒေများနဲ့ အညီ လိုက်နာလျှောက်ထားရယူရမှာ ဖြစ်ပါတယ်။ လယ် ယာမြေ ဆိုရင် လယ် ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းဆိုရင် မြေလွတ်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနဲ့အညီ လျှောက်ထားရပါမည်။ စားကျက်မြေဆိုရင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သစ်တောမြေဆိုရင် သစ်တောဦးစီးဌာနတွေမှာ ပယ်ဖျက်ခွင့်ဦးစွာလျှောက်ထားပြီးမှ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနဲ့အညီ လျှောက်ထားရမှာဖြစ်ပါတယ်။

ယခုလို လျှောက်ထားပြီးပြီဆိုရင်တော့ အဆင့်ဆင့်သောဌာန/ အဖွဲ့အစည်းများက ကာယကံရှင်အဆိုပြုချက်အပေါ် ခွင့်ပြုပေးသင့်ပေးထိုက်ကြောင်း စိစစ်ရရှိပါက သက်ဆိုင်ရာအဖွဲ့ အစည်းက အခြားနည်းသုံးစွဲခွင့် ထုတ်ပေးမှာဖြစ်ပါတယ်။ လယ်မြေဆိုရင် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊လယ်မြေမဟုတ်တဲ့ စိုက်ပျိုးမြေတွေဆိုရင် နေပြည်တော်ကောင်စီ တိုင်းဒေသကြီး/ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းတွေဆိုရင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့က ထုတ်ပေးမှာဖြစ်ပါတယ်။

အခုလို သက်ဆိုင်ရာအဖွဲ့အစည်းက အခြားနည်းသုံးစွဲခွင့် ခွင့်ပြုမိန့် ထုတ်ပေးခြင်းဟာ ယခင် မူလ မြေမျိုးကြီးကနေ အဆိုပြုလုပ်ငန်းကို တရားဝင်ဆောင်ရွက်နိုင်အောင် မြေမျိုးကြီးပြောင်းလဲ ပေးလိုက်တာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အဆိုပြုလုပ်ငန်းဆောင်ရွက်ခွင့်၊ မြေမျိုးသတ်မှတ်စည်းကမ်းချက်ညီညွတ်သွားအောင် ဥပဒေနှင့်အညီ ခွင့်ပြုပေးလိုက်ခြင်းသာ ဖြစ်ပါတယ်။

ဒီကိစ္စမျိုးအတွက် ယခင် လန/၃၉ ဆိုပြီး ပေးတဲ့ခေတ်ကပင် " နိုင်ငံတော်သမ္မတက လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ အရ လယ်ယာမြေကို မည်သည့်အတွက် အသုံး ချရမည်ဟု အမိန့်ချမှတ်သည်နှင့်တစ်ပြိုင်နက် အဆိုပါ လယ်ယာမြေ၏ အခြေအနေသည် ဥပဒေအရ ပြောင်းလဲသွားပါတယ်၊ "ဥပမာအားဖြင့် ဆန်စက်တည်ဆောက်ရန် လန/၃၉ ခွင့်ပြုလျှင် ဆန်စက်မြေ" အဖြစ် ပြောင်းလဲသွားပါတယ်။ နိုင်ငံတော်ပိုင်လယ်ယာမြေအဖြစ်မှအစိုးရသဘောရှိ အသုံးချထားနိုင် သော မြေဖြစ်သွားခြင်းဖြစ်ပါသည်ဟု ပြဋ္ဌာန်းထားမှုရှိပါတယ်။ အခြားနည်းသုံးစွဲခွင့်ပြုမိန့်ပါ စကားရပ်များတွင် ပိုင်ရေးဆိုင်ရေးအတွက် ပြဋ္ဌာန်း ထားမှုမရှိကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။

ဒီနေရာမှာ ကာယကံရှင်များအနေဖြင့် သတိပြုရမှာက အဆိုပြုမြေကို အခြားနည်းသုံးစွဲခွင့် ရပြီဆိုတာ နဲ့ တ န်း ပြီး အ ဆော က် အ ဦ ဆောက်တာတွေ၊ လုပ်ငန်းဆောင်ရွက်တာတွေ တန်းပြီး လုပ်လို့မရဘူးဆိုတာပါဘဲ။ ဆောက်လုပ်ခွင့်ပေးနိုင်တဲ့ စည်ပင်သာယာရေးကော်မတီ ဌာန၊ ဒါမှမဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနတွေကို ဆောက်လုပ်ခွင့် လုပ်ငန်း ဆောင်ရွက်ခွင့် ဆက်လက်တင်ပြီး ခွင့်ပြုချက်ရမှ ဆောင်ရွက်နိုင်တယ်ဆိုတာ သတိပြုဘို့လိုအပ်ပါတယ်။ တနည်းပြောရရင် စက်သုံးဆီဆိုင်အတွက် ခွင့်ပြုမိန့်ရခဲ့ရင် ရပြီဆိုတာနဲ့ ဆိုင်ကိုတန်းဆောက်၊ ဆီစရောင်း လုပ်လို့ မရပါဘူး။ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းများကို တင်ပြ၊ လိုင်စင်ရပြီဆိုမှသာ ဒီလုပ်ငန်း လုပ်လို့ရမှာ ဖြစ်ပါတယ်။

အထက်အပိုဒ်အထိ ရေးသားဖော်ပြထားချက်အရ မြေပိုင်ဆိုင်ခွင့်ဆိုတဲ့ကဏ္ဍမပါရှိသေး ဘူးဆိုတာ သတိပြုမိမယ်ထင်ပါတယ်။ အထက်အပိုဒ်များပါရေးသားထားတဲ့အတိုင်း လုပ်ဆောင်ဘို့ အခြားနည်းသုံးစွဲခွင့်

စာ-၅ သို့